ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-5-2012) (၇၁၁၅)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတသစ် မစ္စတာ ဗလာဒီမာ ပူတင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော်　　မေ　　၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတသစ်အဖြစ် ၂၀၁၂ ခုနှစ် မေ ၇ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် မစ္စတာ ဗလာဒီမာ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

# ဆန္ဒမဲလက်မှတ်များတွင် ဖယောင်းသုတ်ထားသည်ဟု NLD က စွပ်စွဲပြောဆိုမှုကို ကော်မရှင်က ဖော်ထုတ်စစ်ဆေးရာ ဖြစ်စဉ်မှန်ကန်မှုမရှိကြောင်း သတင်းထုတ်ပြန်ခြင်း

နေပြည်တော်　　မေ　　၈

**၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင် ပုလဲ၊ မော်လမြိုင်၊ မြန်အောင်၊ မကွေး၊ တောင်တွင်းကြီး၊ ကော့မှူး၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ ဒဂုံ(ဆိပ်ကမ်း)နှင့် ကလော (အောင်ပန်း)မြို့နယ်တို့၌ ဆန္ဒမဲလက်မှတ်များကို ရေးခြစ်၍မရအောင် ဖယောင်းသုတ်ထားသည့် ဆန္ဒမဲလက်မှတ်များကို မဲရုံမှူးများက မဲလာပေးသူတို့အား ပေးအပ်နေကြောင်း၊ မဲလက်မှတ်လဲလှယ်ပေးရန် တောင်းဆိုသော်လည်း မရကြောင်း၊ ဆန္ဒမဲလက်မှတ်ကို ဖယောင်းသုတ်ခြင်းသည် မဲလက်မှတ်ကို ဖျက်ဆီးခြင်းဖြစ်၍ အမြန်ဆုံးအရေးယူပေးပါရန်နှင့် ဆန္ဒမဲပြားတွင် ဖယောင်းသုတ်ခြင်းကိစ္စရပ်မှာ တစ်ပြည်လုံး အတိုင်းအတာနှင့် ဖြစ်ပေါ်လျက်ရှိနေကြောင်း ဖော်ပြလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဗဟိုအောင်နိုင်ရေးအဖွဲ့ အတွင်းရေးမှူးက ၁-၄-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စာရေးသားပေးပို့လာပါသည်။**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်းကိစ္စအား မဲဆန္ဒနယ်မြေအလိုက် စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ်နေစဉ်အတွင်းမှာပင် NLD ဗဟိုအောင်နိုင်ရေးအတွင်းရေးမှူးက ၂-၄-၂၀၁၂ ရက်နေ့တွင် ဗွီ၊ အို၊ အေ(မြန်မာပိုင်း)သတင်းဌာနနှင့် တွေ့ဆုံ Interview ၍ ဆန္ဒမဲလက်မှတ်ကို ဖယောင်းသုတ်ခြင်းဟာ ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ တရားမျှတတဲ့ ရွေးကောက်ပွဲကို ထိခိုက်စေကြောင်း ထုတ်ဖော်ပြောဆိုခြင်း၊ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ထုတ်ဖော်ပြောဆိုခြင်းပြုသဖြင့် ဂျာနယ်/စာစောင်များတွင် ဖော်ပြပါရှိခဲ့ကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တင်ပြချက်အရ ဆန္ဒမဲလက်မှတ် ဖယောင်းသုတ်မှုဖြစ်ပွားသည်ဆိုသည့် မြို့နယ်(၁၀)မြို့နယ်လုံးသို့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီ (၂)ပါတီမှ မြို့နယ်အဆင့် ဥက္ကဋ္ဌ/အတွင်းရေးမှူးတို့ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် အဖြစ်မှန်ကို ထုတ်ဖော်စစ်ဆေးစေပြီး မဲရုံအသီးသီးရှိ မဲပေးပြီးသည့် ဆန္ဒမဲလက်မှတ်များကိုပါ ဖွင့်ဖောက်စစ်ဆေးပြသစေခဲ့ပါသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်များအရ "တိုင်ကြားခံရသည့် မြို့နယ်(၁၀)မြို့နယ်လုံးတွင် ဆန္ဒမဲလက်မှတ်များကို ဖယောင်းသုတ်မှုဖြစ်စဉ် လုံးဝဖြစ်ပွားခဲ့ခြင်းမရှိကြောင်း၊ ယင်းသို့ ဖြစ်စဉ်ရှိသည်ဟု တရားဝင်တိုင်ကြားသူလည်းမရှိကြောင်း၊ သတင်းအခြေအမြစ်မရှိသည့် တစ်ဆင့်ကြားစကား၊ ထင်မြင်ချက်စကားများဖြင့် ကော်မရှင်သို့ တိုင်ကြားခြင်းဖြစ်ပါကြောင်း၊ ၁-၄-၂၀၁၂ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲသည် အမျိုးသားရေးကိစ္စဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုကို ကမ္ဘာနှင့် အဝှမ်းစောင့်ကြည့်နေသည့် ကာလအတွင်း ယခုကဲ့သို့ မမှန်မကန် စွပ်စွဲပြောဆိုမှုများကြောင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဂုဏ်သိက္ခာ ကျဆင်းစေနိုင်သဖြင့် မမှန်မကန်တိုင်ကြားသူအား ဥပဒေအရ အရေးယူသင့်ကြောင်း" စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီအချို့တို့က သုံးသပ်တင်ပြမှုများရှိလာခဲ့ပါသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ Campaign မန်နေဂျာဆိုသူသည် ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလအတွင်း MONITOR NEWS JOURNAL အတွဲ(၁) အမှတ်(၉၃)တွင် ရှင်းလင်းပြောကြားရာ၌ မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ အဖြစ်မှန်မဟုတ်သည့် သတင်းများကို ထုတ်ဖော်ပြောဆိုပြီး လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ခဲယဉ်းကြောင်း ဝေဖန်ပြောဆိုသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၃-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁/နငရ-မပတ(၁)/ကမရ စာဖြင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ရွေးကောက်ပွဲအပေါ်တွင် ပြည်သူနှင့် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန် ပြောဆိုမှုများမပြုစေရေး ထိန်းသိမ်းကြပ်မတ်ပေးရန်ကိုလည်း သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌထံသို့ လိပ်မူ၍ စာပေးပို့အကြောင်းကြားခဲ့ရပြီးဖြစ်ပါသည်။

ထို့ကြောင့် ၁-၄-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဗဟိုအောင်နိုင်ရေးအဖွဲ့ အတွင်းရေးမှူးက တင်ပြတိုင်ကြားသည့် မြို့နယ် (၁၀)မြို့နယ်၌ ဆန္ဒမဲလက်မှတ်များတွင် ဖယောင်းသုတ်ထားသည်ဆိုသည့် ဖြစ်စဉ်မှာ မှန်ကန်မှုမရှိပါကြောင်းနှင့် ယင်းသို့ သတင်းအခြေအမြစ်မှန်ကန်မှုမရှိသည့် တစ်ဆင့်ကြားစကားများဖြင့် ပြည်သူများကို ထင်ယောင်ထင်မှား ဖြစ်စေအောင် ထုတ်ဖော်ရေးသား၊ ပြောဆိုခြင်းမပြုရေးအတွက် သက်ဆိုင်ရာ ပါတီအတွင်းရေးမှူးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်ပါက အရေးယူနိုင်ရန် ဥပဒေနှင့်အညီ ခေါ်ယူရှင်းလင်းအသိပေး ပြောကြားပြီးဖြစ်ကြောင်း အများပြည်သူသိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အငြိမ်းစားသက်ကြီးရွယ်အိုများအတွက် ပင်စင်လစာတိုးမြှင့်ထောက်ပံ့ခဲ့ လူမှုဖူလုံရေးဥပဒေရေးဆွဲရာတွင်လည်း သက်ကြီးရွယ်အိုများအတွက် လူမှုရေးအာမခံအစီအစဉ်များ ထည့်သွင်းရေးဆွဲထား

**ရန်ကုန်　　မေ　　၈**

၂၀၁၂ ခုနှစ် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း(၂၉)နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Help Age International မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Eduardo Klien က ညီလာခံကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ ညီလာခံကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးရှိရာဒေသကြီး ဖြစ်ကြောင်း၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် လူဦးရေ၏ ရှစ်ရာခိုင်နှုန်းကျော်မှာ အသက် ၆၀ နှင့် အထက်ရှိပြီဖြစ်ကြောင်း၊ ၂၀၃၀ ခုနှစ်တွင်　**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ၂၀၁၂ ခုနှစ် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ ညီလာခံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ကြေးမုံ စာတည်းရှုထောင့် ၉-၅-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

# ကျန်းမာရေးအမူအကျင့်နှင့် အသိပညာလက်တွေ့လိုက်နာ

ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့သည် လူတိုင်းနှင့် သက်ဆိုင်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားကြရမည်။ လူတို့၏ကျန်းမာရေးသည် ပတ်ဝန်းကျင်နှင့် တိုက်ရိုက်ထိစပ်ပတ်သက်နေသော်လည်း အများစုကလက်ခံလာကြသည်မှာ မကြာလှသေး။ ယခုအခါ လူအများ၏ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ရေးတွင် ပတ်ဝန်းကျင်အရေးပါလာမှုကို ကမ္ဘာ့မိသားစုများပင် ဆွေးနွေးလာကြရပြီ ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာတွင် ရောဂါဖြစ်လာမှ ကုသဖို့ ငွေစုထားကြမည်လား၊ ရောဂါမဖြစ်အောင် ကာကွယ်ရာတွင်သုံးမည်လား၊ ရောဂါရောက်မလာနိုင်အောင် ကျန်းမာရေး အဆင့်မြင့်မြင့်မားမား နေထိုင်ကြမည်လားဆိုသည်ကို မှန်မှန်ကန်ကန် ရွေးချယ်ကြရပေမည်။ ကျန်းမာမှုအခြေခံမှသည် သက်ရှည်ကျန်းမာချမ်းသာသုခရရှိနိုင်ရေး မိမိတို့ရရှိနေသည့် အဆင့်အတန်းကို ရေရှည်ထိန်းသိမ်းနိုင်ရုံသာမက တိုးတက်မြှင့်တင်လုပ်ဆောင်နိုင်ရေး အသိပညာများကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးကြရပေဦးမည်။

နိုင်ငံအတွင်း အမျိုးသားပတ်ဝန်းကျင် သန့်သန့်ရှင်းရှင်းအသုံးပြုရေး အသွင်လှုပ်ရှားလာခဲ့သည်မှာ ဆယ်စုနှစ် နှစ်စုကျော်ရှိခဲ့ပါပြီ။ အသိပညာပေးမှုများနှင့်အတူ အနိမ့်ဆုံးအဆင့် ယင်လုံအိမ်သာများ သန်းချီ၍ဆောက်လုပ်သုံးစွဲနိုင်ပေပြီ။ မည်သည့်နေရာဒေသတွင်မဆို ရုပ်ဝတ္ထုဆိုင်ရာအိမ်သာများဆောက်လုပ်ထားရုံသာမက သန့်သန့်ရှင်းရှင်း အသုံးပြုရေး၊ ပြုပြင်ရေးလုပ်ငန်းများကို ဖူးတွဲလုပ်ဆောင်ကြရပါမည်။ မြို့ပြဒေသအချို့တွင် အိမ်သာကောင်းကောင်းများ ဆောက်လုပ်ထားသော်လည်း ညစ်ပတ်ပေရေနေသည်ကို တွေ့ဖူးကြပေမည်။ သန့်ရှင်းစွာ အသုံးပြုကြရေး တွန်းအားပေးကြရပါမည်။

သန့်ရှင်းမှုအဆင့်ကို ထိန်းသိမ်းရေးသည် လူတိုင်းနှင့် သက်ဆိုင်သည်။ လူတစ်ဦးတစ်ယောက်က စည်းကမ်းမဲ့အသုံးပြုပြီး အချိန်မီပြုပြင်ထိန်းသိမ်းမှုမပြုနိုင်လျှင် နီးစပ်သူမှာ ဦးစွာကျန်းမာရေးထိခိုက်မည်။ ထို့မှ ဝမ်းလျှောဝမ်းပျက်အသည်းရောင်အသားဝါရောဂါ၊ အူရောင်ငန်းဖျားရောဂါအစ ကပ်ရောဂါများအထိ ဖြစ်ပွားလာနိုင်သည်ကို သတိပြုကြရပေမည်။ သန့်သန့်ရှင်းရှင်းစနစ်တကျ အသုံးပြုကြရေး အိမ်ရှင်မများ၊ ရပ်ရွာလူကြီးများ၊ စေတနာရှင်များ၊ လူငယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအထိ ဝိုင်းကြီးချုပ် အလုပ်လုပ်ကြရေး ဆက်လက်နှိုးဆော်နေကြရပေဦးမည်။

ဒေသအလိုက် ကျန်းမာရေးအတွက် သန့်ရှင်းသောအိမ်သာများ အသုံးပြုကြရေး အသိပညာပေးလှုပ်ရှားမှုများ လုပ်ဆောင်ကြသည်။ ရေလွှမ်းသည့်ဒေသ၊ ကမ်းရိုးတန်းဒေသ၊ ရေတက်ရေကျရှိသော နေရာများ၊ ကျွန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြရန် လိုအပ်နေဦးမည်ဖြစ်သည်။ အညစ်အကြေးများ ရေတက်ရေကျနှင့် ပင်လယ်ရောက်သိမ်းသွားသည်ဟုဆိုသည့်တိုင် ပေါ့ပေါ့ဆဆနေထိုင်၍ကား မရပေ။ ရေလမ်းခရီးဖြင့်သာ ဆက်သွယ်၍ရသည့်ကျွန်းများ၊ ဝေးလံဒေသများတွင် ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားပါက အချိန်မီဆေးကုသရန်ခက်ခဲသဖြင့် ရောဂါမဖြစ်ရေး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန်မှု လိုအပ်မည်ဖြစ်သည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများသည် လူတိုင်းနှင့် ဆက်စပ်နှီးနွယ်နေသဖြင့် အလေးထားလိုက်နာကြရပေမည်။ ကျန်းမာရေးအတွက်ဆေးရုံ၊ ဆေးပေးခန်းအဆောက်အအုံများရှိရုံဖြင့် မပြည့်စုံပါ။ ယင်လုံအိမ်သာများ၊ ရေကောင်းရေသန့်များ၊ သန့်ရှင်းသည့်အစားအစာများလည်း ရှိနေရန် လိုအပ်သည်။ အိမ်သာသန့်နှင့်အတူ အစာသန့်၊ ရေသန့်၊ လက်သန့်ဟူသည့် သန့်(၄)သန့် အခြေခံပြည့်စုံနေစေရေးလိုအပ်ချက်များ ဖြည့်ဆည်းပညာပေးကြရမည်ဖြစ်သည်။

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုဟူသည် ရေရှည်လုပ်ဆောင်နေကြရမည့် လုပ်ငန်းများဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးစသည့် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်ကောင်းများကို သက်ဆိုင်ရာတို့က အသိပညာပေးလျက်ရှိသည့်နည်းတူ ပြည်သူလူထုအားလုံးကလည်း သိရှိလိုက်နာကျင့်သုံးကြမှသာ ကျန်းမာသန့်ရှင်း ရောဂါကင်းစင် ချမ်းမြေ့ပျော်ရွှင်နိုင်ကြမည်ဟု ရှုမြင်မိပါသည်။ ။

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် စပိန်လုပ်ငန်းရှင်များ စိတ်ဝင်စား

**နေပြည်တော် မေ ၈**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ignacio Sagaz နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စပိန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားကြပြီး နှစ်နိုင်ငံကုန်သည်အသင်းအဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေး ညှိနှိုင်းခဲ့ကြကြောင်းလည်း သိရသည်။ (သတင်းစဉ်)



**အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Ignacio Sagaz နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉–၅–၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၁၀ | တရားတော် |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၄း၂၀ | လှျပ်တစ်ပြက် |
| ၄း၃၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၄၅ | ရှေးဟောင်းသုတ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၁) |
| ၆း၂၀ | Mail Box |
| ၆း၃၅ | ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၄၈) |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၁၆)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ "ဂမ္ဘီရရေမွှေး" (အပိုင်း-၁) (ကောင်းပြည့်၊ စံရတီမိုးမြင့်၊ ဇရာ၊ ဗေလုဝ၊ ခင်လှိုင်၊ ဝက်မ၊ တက္ကသိုလ်ဂွမ်းပုံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)] -အိုင်စီတီသုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၂၀) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်** |

## မန္တလေးကုန်စည်ဈေးနှုန်း

**၈ -၅-၂၀၁၂**

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၁၃၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၁၁၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၃၉၀၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၅၀၀/၂၀၀၀၀ |
| မဂျမ်းတော | ၂၀၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ဧရာမင်း(သစ်) | ၁၈၅၀၀/၁၉၀၀၀ |
| B.G | ၁၄၅၀၀/၁၅၀၀၀ |
| ငစိန်(သစ်) | ၁၄၅၀၀/၁၅၀၀၀ |
| ၇၄၇ | ၁၂၅၀၀/၁၄၀၀၀ |
| သုခ-မတ္တရာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ရွှေသွယ်(သစ်) | ၁၄၀၀၀/၁၅၀၀၀ |
| မော်ဘီ(သစ်) | ၁၆၀၀၀/၁၇၅၀၀ |
| ဆန်ကွဲ | ၁၀၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၅၀၀/၄၁၀၀ |
| နှမ်းဆီ | ၂၈၀၀/၃၀၀၀ |
| ပန်းနှမ်းဆီ | ၂၆၅၀/၂၆၅၀ |
| နေကြာဆီ | ၂၅၀၀/၂၆၀၀ |
| မုန်ညင်းဆီ | ၂၄၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၂၀၅၀/၂၀၆၀ |
| ကြက်ဆူဆီ | ၂၉၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၅၈၅/၆၀၀ |
| ပွတ်သား | ၄၆၀/၄၈၀ |
| ခါရေ | ၂၄၀/၂၅၀ |
| ပေါင်းရေ | ၂၁၀/၂၂၀ |

(၀၀၂)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၈ - ၅ -၂၀၁၂**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၅. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၀၁၀၀ | ၀. ၀၃၂၂၅ |
| တရုတ် (ယွမ်) | ၆. ၃၀၃၂၀ | ၀. ၁၅၈၆၅ |
| အိန္ဒိယ (ရူပီး) | ၅၃. ၁၂၅၀ | ၀. ၀၁၈၈၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၅၉၀၀ | ၀. ၃၂၆၉၀ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၆၉၇ | ၀. ၈၀၁၉၅ |
| ဂျပန် (ယန်း) | ၇၉. ၈၇၅၂ | ၀. ၀၁၂၅၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၇. ၀၄ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၆၉၁၅ | ၁. ၃၀၀၁၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၉၇၈ | ၁. ၆၁၃၄၉ |

*အင်တာနက်။*

**Royal Line Dance အားကစားအဖွဲ့ ပြည်သူ့ရင်ပြင်မှ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ ချစ်မေတ္တာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဂေဟာမှ ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ် သုံးသိန်းနှင့် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ကွန်ပါဘူး၊ စောင်၊ ခြင်ထောင်နှင့် ကလေးများဖတ်ရန် ဂျာနယ်များ လှူဒါန်းရာ ဂေဟာမှူး ဦးအာဖြဟံ လက်ခံစဉ်။** (ကြေးမုံ)

ယနေ့ ဖတ်စရာ မှတ်စရာ နွံ့ (သတင်းစဉ်)

# လောကကို အလှဆင်နိုင်ကြပါစေ

လောကကို အလှဆင်သူသည် လောကကောင်းကျိုးကို ဆောင်ရွက်သူဖြစ်၏။ လောကကို ငြိမ်းချမ်းသာယာအောင် ဖန်တီးသူလည်းဖြစ်၏။ ဟီရိနှင့် ဩတ္တပ္ပ အရှက်အကြောက်တရားနှစ်ပါးသည် လောကကြီးငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သော လောကပါလတရားများဖြစ်ကြောင်း ဗုဒ္ဓမြတ်ဘုရားမိန့်ကြားတော်မူသည်။

လူအချို့သည် မကောင်းမှုကို ပြုလုပ် ပြောဆို ကြံတွေးရမှာ အလွန်ရှက်သည်။ (ဟီရိ) - မကောင်းမှုကြောင့် ခံစားရမည့် ဆိုးကျိုး၊ ဆင်းရဲကျိုးကို အလွန်ကြောက်သည်။ (ဩတ္တပ္ပ)- ထို့ကြောင့် မကောင်းမှုကို မပြုမိ၊ မပြောမိ၊ မကြံစည်မိအောင် ရှောင်ကြဉ်သည်။ ယင်းသို့ ရှောင်ကြဉ်သဖြင့် ကိုယ်စိတ်နှစ်ပါးချမ်းသာသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်ကောင်းကျိုးရသည်။ လောကကို အလှဆင်သူဖြစ်သည်။

အချို့သူတို့သည် မကောင်းမှုကို ရဲရဲတင်းတင်းပြုလုပ်ပြောဆို ကြံတွေးရမည်ကို မရှက်တတ်၊ မကြောက်တတ်၊ ယင်းအပြုအမူကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်ကို ဆိုးကျိုးခံစားရစေသည်။ လောကကို ညစ်နွမ်းစေသူများ၊ လောကကို အလှမဆင်နိုင်သူများဖြစ်သည်။

လူတိုင်းလူတိုင်းသည် ဘဝရပ်တည်ရှင်သန်ရေးအတွက် လှုပ်ရှားနေကြရသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်ကို ဖန်တီးကြရသည်။ ယင်းသို့ ဖန်တီးရာတွင် လောကကို အလှဆင်ကြသူများရှိကြသလို လောကကို ညစ်နွမ်းစေသူများလည်း ရှိကြသည်။ အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။ မဟာသိပ္ပံဘွဲ့ရပြီး အလုပ်မရမီ ကျူရှင်သင်၍ မိဘကို လုပ်ကျွေးနေသော မိတ်ဆွေတစ်ယောက်၏သမီးလေး၏အဖြစ်အပျက်ကို သိရတော့ များစွာ စိတ်မကောင်းဖြစ်ရသည်။

တက္ကသိုလ်များတွင် နည်းပြ၊ သရုပ်ပြရာထူးများခေါ်ယူသဖြင့် လျှောက်လွှာတင်ရန် စာရွက်စာတမ်းများ စုဆောင်းသည့်အခါ (၁၀)တန်းအောင်လက်မှတ် လိုအပ်နေ၍ အောင်လက်မှတ်လျှောက်ရန် ဧပြီလဆန်းပိုင်းက မြန်မာနိုင်ငံစာစစ်ဌာနသို့ သွားရောက်လျှောက်ထားခဲ့ကြောင်း၊ သူမသည် ယခင်က (၁၀)တန်းအောင်လက်မှတ် လျှောက်ထားဖူးကြောင်း၊ အောင်လက်မှတ်သွားရောက်ထုတ်သည့်အခါ သူမ၏ အောင်လက်မှတ်တွင် တခြားသူတစ်ဦး၏ဓာတ်ပုံကို မှားကပ်ထားသည့်အတွက် အောင်လက်မှတ်ကို မထုတ်ဖြစ်ခဲ့ကြောင်း သိရသည်။

ယခုတက္ကသိုလ်နည်းပြ၊ သရုပ်ပြရာထူးစာမေးပွဲဖြေဆိုရန် လိုအပ်သဖြင့် သွားရောက်လျှောက်ထားရာ အစမှပြန်လျှောက်ရမည်ဆိုသဖြင့် အသစ်ပြန်လျှောက်ထားခဲ့ရသည်။ မေ ၂ ရက်တွင် တက္ကသိုလ်နည်းပြ၊ သရုပ်ပြရာထူးလျှောက်လွှာတင်ရန် (၁၀)တန်းအောင်လက်မှတ်သွားထုတ်သည့်အခါ စာရွက်စာတမ်းမစုံလင်၍ မရသေးကြောင်း လွယ်လင့်တကူ ပြောသည်။ သူမကလည်း လျှောက်လွှာတင်ရမည့် နောက်ဆုံးနေ့ဖြစ်ခြင်းကြောင့် လွန်စွာစိတ်ထိခိုက်သွားပြီး ရုတ်တရက် ချုံးပွဲချ၍ ငိုပါလေတော့သည်။ သူငယ်ချင်းများက ဝိုင်းဝန်းချော့မော့ဖြေသိမ့်ပြီး တက္ကသိုလ်နည်းပြ၊ သရုပ်ပြ ရာထူးစာမေးပွဲအတွက် တခြားနည်းလမ်းတစ်ခုကို စဉ်းစားအဖြေရှာ၍ လျှောက်လွှာတင်သည့်ကိစ္စကို ဆောင်ရွက်ခဲ့ရသည်။ အဆိုပါသမီးလေးသည် လမ်းတွင် သတိလစ်မူးမေ့သွားပြီး နီးရာဆေးခန်း၌ ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

လူတိုင်းလူတိုင်းသည် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ကြရစမြဲဖြစ်သည်။ ယင်းသို့ အခက်အခဲများနှင့် ကြုံရသည့်အခါ အားကိုးရှာကြသည်။ ယခုလည်း ဌာနဆိုင်ရာကို အားကိုးတကြီးနှင့် သွားရောက်အကူအညီတောင်းသော်လည်း အဆိုပါဌာနမှ ပေါ့လျော့မှုကြောင့် တစ်ဖက်သားတွင် မည်မျှ ထိခိုက်ခံစားရမည်ကို စဉ်းစားသင့်သည်။ သူတစ်ပါး၏ အခက်အခဲကို မကူညီသည့်အပြင် ပေါ့ဆစွာနှင့် မျက်နှာလွှဲခဲပစ်လုပ်သလို ဖြစ်သွားသည်။ မိမိအပြုအမူကြောင့် မိမိနှင့် မိမိဌာနသည် ပြည်သူတို့၏ ယုံကြည်မှုကင်းမဲ့စေသည့်အပြင် ဌာနဂုဏ်သိက္ခာကျရသည့်အဖြစ်နှင့် ကြုံရပေသည်။

ထို့ကြောင့် လောကကို အလှဆင်ကြရာဝယ် လောကကို အလှဆင်နိုင်သူများပါက လောကကြီး အမြဲအဆင်ပြေချောမွေ့သာယာနေမည်ဖြစ်သည်။ လောကကို အလှမဆင်နိုင်သူများပါက လောကမှာ အဆင်ပြေသာယာမှုမရှိဘဲ အရုပ်ဆိုး အကျည်းတန်နေမည်သာဖြစ်ပါသည်။ လောကကို အလှဆင်နိုင်ကြပါစေ. . . ။ ။



**✻ ရှေ့ဖုံးမှ**

၁၂ ရာခိုင်နှုန်းနှင့် ၂၀၅၀ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိလာမည်ဟု မှန်းဆထားကြောင်း။

လူဦးရေအချိုးအစားပြောင်းလဲမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုများရှိလာနိုင်ကြောင်း၊ ထိုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် မဒရစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ် (Madrid International Plan of Action for Ageing-MIPAA)များကို အားလုံးက ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်ကြကာ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ၌ သက်ကြီးရွယ်အိုများ၏ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့်မူဝါဒများ ချမှတ်ဆောင်ရွက်ရေး၊ ကျန်းမာတက်ကြွသော သက်ကြီးဘဝရရှိရန် စွမ်းဆောင်ပေးနိုင်မည့် ပတ်ဝန်းကျင်တစ်ရပ်ပေါ်ထွန်းလာရေး၊ ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့်ရှောက်ခြင်းစနစ်၏ အခန်းကဏ္ဍ၊ ရပ်ရွာလူ့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရပါဝင်သော ပူးပေါင်းဆောင်ရွက်မှု ယန္တရားများ တည်ဆောက်ရေး၊ သက်ကြီးရွယ်အိုများ၏ ကျား/မ အမြင်ရှုထောင့်နှင့် သက်ကြီးအမျိုးသမီးများ၏ အထူးလိုအပ်ချက်များအပေါ် အာရုံစိုက်ရေး၊ သက်ကြီးရွယ်အိုများ၏ ကိုယ်စိတ်နှစ်ပါး အေးချမ်းမှုရရှိရေးအပေါ် ပိုမိုနားလည်နိုင်ရေး စသည့်အချက်များကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း။

မြန်မာနိုင်ငံရှိ အသက်(၆၀) နှင့်အထက် သက်ရွယ်ကြီးသူအရေအတွက်မှာ ၂၀၀၇ ခုနှစ်က လူဦးရေစုစုပေါင်း၏ ၈ ဒသမ ၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၉ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးလာခဲ့ကြောင်း၊ လက်ရှိနိုင်ငံလူဦးရေ သန်း ၆၀ ခန့်အနက် ၁၀ ရာခိုင်နှုန်းခန့်မှာ သက်ကြီးရွယ်အိုများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၁၅ ခုနှစ်ကတည်းက သက်ကြီးရွယ်အိုစောင့်ရှောက်မှုကို စတင်ဆောင်ရွက်ခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သော အိမ်တိုင်ရာရောက်သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီ၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးများအတွင်းရှိ ကျေးရွာ ၁၀၁ ရွာတွင် ရပ်ရွာအခြေပြုသက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်က အိုမင်းမစွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပင်စင်လစာမလုံလောက်မှုကြောင့် ဘဝရှင်သန်ရပ်တည်ရေးကို ကြိုးပမ်းရုန်းကန်နေကြရသည့် အငြိမ်းစားသက်ကြီးရွယ်အိုများအတွက် ပင်စင်လစာများ တိုးမြှင့်ထောက်ပံ့ပေးခဲ့ကြောင်း၊ လူမှုဖူလုံရေး ဥပဒေရေးဆွဲရာတွင်လည်း သက်ကြီးရွယ်အိုများအတွက် လူမှုရေးအာမခံအစီအစဉ်များကို ထည့်သွင်းရေးဆွဲထားပြီးဖြစ်ကြောင်း။

ယခုအချိန်တွင် ဒေသတွင်းနိုင်ငံအသီးသီးနှင့် ဆီလျော်အပ်စပ်မည့် သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ မူဝါဒများ၊ အစီအမံများ ချမှတ်ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ပါကြောင်း၊ နောင်အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် မြော်မြင်တွက်ချင့် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မျက်မှောက်ခေတ်သက်ကြီးရွယ်အိုများအတွက် အချိန်အခါသင့် ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည့် နည်းလမ်းသစ်များ၊ အကြံပြုချက်များကို ဤညီလာခံကြီးတွင် ဆွေးနွေးဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညီလာခံကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ Help Age International မှ Executive Director Mr. Richard Blewitt နှင့် ထူးဖောင်ဒေးရှင်းမှ ဦးပေါ်မြင့်ဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညီလာခံကို ဆက်လက်ကျင်းပသည်။ အဆိုပါညီလာခံကို မေ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အင်ဒိုနီးရှား ကုမ္ပဏီကိုယ်စားလှယ်များတွေ့ဆုံ

**နေပြည်တော် မေ ၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Sebastianus Sumarsono နှင့်အတူ အင်ဒိုနီးရှား အစိုးရပိုင် Bank Negara Indonesia (Persero) Tbk ကုမ္ပဏီ၊ PT. Pertamina (Persero)ကုမ္ပဏီနှင့် PT. Ailaya Karya (Persero)ကုမ္ပဏီတို့မှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် အခွင့်အလမ်းများ၊ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာများနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးသန်းထွန်း သင်တန်းဖွင့်ပွဲတက်ရောက်

**နေပြည်တော် မေ ၈**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယနေ့နံနက် ၉ နာရီတွင် သမဝါယမဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၈ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှာစကား ပြောကြား**

**သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## စမ်းချောင်းမြို့နယ် စာရေးဆရာအသင်း စုံညီစည်းဝေး

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းအမှုဆောင်ကော်မတီ စုံညီအစည်းအဝေးနှင့် တွေ့ဆုံပွဲကို အသင်းရုံးတည်ရှိရာ စမ်းချောင်းမြို့နယ် အရှေ့ကုန်းလမ်း အမှတ်(၁၈)၌ မေ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေး၌ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်မောင် (မောင်သာပြည့်)က လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ယခုမေလအတွင်း ထွက်ရှိမည့်အသင်းမှ စီစဉ်သည့် စမ်းသီလာမဂ္ဂဇင်း အမှတ်(၆)ဖြန့်ချိရေးကိစ္စများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

စမ်းချောင်းမြို့နယ် စာရေးဆရာအသင်းကို ဧပြီ ၂၂ ရက်က ပြောင်းလဲဖွဲ့စည်းခဲ့ရာ အများဆန္ဒအရ ဥက္ကဋ္ဌ ဦးဝင်းမောင်မောင်(မောင်သာပြည့်)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မာလာထွန်း(ဖြူစင်ဝင်း)၊ အတွင်းရေးမှူး ဒေါ်သီတာမြင့်(မဟသ်ာ-သချ်ာ)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသက်ထား(အေးသက်ထား-ပထဝီဝင်)၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ထားမြင့်(ယွန်းထိပ်ထား)၊ အမှုဆောင်ကော်မတီဝင်များအဖြစ် ဦးကျော်ကျော်(ကျော်ကျော်-စက်မှုတက္ကသိုလ်)၊ ဦးမြင့်ဝင်း (စံထက်မင်း)၊ ဒေါ်ခင်လေးမွန်(ကလျာမွန်-စမ်းချောင်း)နှင့် ဦးကျော်မင်း(ငြိမ်းမင်းကို)တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ (၆၈၁)

## ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ “တစ်သက်တာ စာပေဆု” ကို စာရေးဆရာကြီး တက္ကသိုလ်မောင်မောင်ခင် ရရှိ

**ရန်ကုန် မေ ၈**

ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ ၂၀၁၁ ခုနှစ်အတွက် ရွေးချယ်ချီးမြှင့်သည့် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် မြေလတ်မင်းလွင် ရေးသားသည့် ‘သစ္စာငှက်များ မိုးသို့တိုင် ကဗျာများ’ စာမူက ပထမ၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး) ရေးသားသည့် ‘လတစ်စင်း၊ ပန်းတစ်ခင်း အလင်းရနံ့ကဗျာများ’ စာမူက ဒုတိယ၊ မောင်နီမှိုင်း(ကျောက်တန်း) ရေးသားသည့် ‘အဖေ မသေပါနှင့် အဖြူရောင်သစ္စာ ကဗျာများ’ စာမူက တတိယရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ပုသိမ်အောင်သန်းဦး ရေးသားသည့် ‘မြန်မာ့ဂုဏ်ရည် စိန်ထွန်းကြည်’ စာမူက ပထမ၊ ညွှန့်လူ ရေးသားသည့် ‘မလွမ်းရော့သော်ကော’ စာမူက ဒုတိယ၊ ခင်လပြည့်ဝန်း ရေးသားသည့် ‘ရေဆုံးရေဖျား’ စာမူက တတိယ ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် နန္ဒာခင်(သက္ကလမြေ) ရေးသားသည့် ‘ရေပြာလမ်းနှင့် အခြားဝတ္ထုတိုများ’ စာမူက ဒုတိယ၊ ကျွန်းစဉ်မြေစောခက်ရေးသားသည့် ‘တွင်းကောက်ရှာသော မြွေများနှင့် အခြား ဘဝရသဝတ္ထုတိုများ’ စာမူက တတိယ ရရှိကြသည်။

ကျမ်းစာပေဆုတွင် မောင်မောင်ချစ်ဦး(မုံရွာ) ရေးသားသည့် ‘အင်းဆားရဲ့ အင်းလေး’စာမူက ပထမ ရရှိသည်။

သုတေသနစာပေဆုတွင် ဒေါက်တာယဉ်ယဉ်ထွန်း ရေးသားသည့် ‘မြန်မာ့ရိုးရာ ရေနံလက်တွင်းတူးပညာ’ စာမူက ပထမ၊ မောင်ကျော်ကျော်(ကွင်းကောက်) ရေးသားသည့် ‘စာသင်ကျောင်းကောင်း စုပေါင်းပျိုးထောင်’ စာမူက ဒုတိယ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၁၁ ခုနှစ် ‘တစ်သက်တာစာပေဆု’ အတွက် စာရေးဆရာကြီး ဦးမောင်မောင်ခင်(တက္ကသိုလ်မောင်မောင်ခင်)အား ရွေးချယ်လိုက်ကြောင်းသိရသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်ဝင်းသော်တာညွှန့် ပထမနှစ် ဂုဏ်ထူးတန်း (ရုပ်ရှင်နှင့်ပြဇာတ်)က လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ဝေယံအောင် ဒုတိယနှစ်(သဘင်ပညာ) တို့ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုနှင်းသဘင် အခမ်းအနားကို ၂၀၁၂ ခုနှစ် မေ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၆၅၆၉၊ ၀၁-၂၄၀၀၄၈ နှင့် ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၈**

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ချွန် ထူးချွန်သူကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်းတက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆု ရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မဖြူနှင်းသန့်(ဘ) ဦးသန့်ဇင် အထက(၄) အလုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မဖူးရတနာလွင်(ဘ) ဦးကျော်လွင် အထက(၄) ပြင်ဦးလွင် မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ မပန်းပြည့်ပြည့်ပိုင် (ဘ) ဦးငွေးနိုင် အထက လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မမွန်ချောလုံ(ဘ) ဦးခင်းလုံ အထက(၃) မြစ်ကြီးနား ကချင်ပြည်နယ်က ပထမ၊ မသင်းထက်အောင်(ဘ) ဦးအောင်ကျော်မြ အထက လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မောင်ဆွတ်ဆိုင်းအောင်(ဘ) ဦးဆိုင်းခွမ် အထက(၃) မြစ်ကြီးနား ကချင်ပြည်နယ်က တတိယ၊ သင်္ချာဘာသာရပ်တွင် မမြတ်ရွှေရည်ထွန်း (ဘ) ဦးထွန်းထွန်း အထက(၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်ဟန်ဝင်းထွန်း(ဘ) ဦးထွန်းထွန်းပိုင် အထက(၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မောင်မျိုးမင်းဦး(ဘ)ဦးနေအေး အထက(၉) မော်လမြိုင်မြို့ မွန်ပြည်နယ်က တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မယမင်းအေး(ဘ) ဦးမိုးကျော်သူ အထက သုဝဏ္ဏ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရူပဗေဒဘာသာရပ်တွင် မောင်ပြည့်ဖြိုး(ဘ) ဦးအောင်ငွေး အထက(၄) အလုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မမြတ်ရွှေရည်ထွန်း(ဘ) ဦးထွန်းထွန်း အထက(၄) အလုံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် စဖွန်မိုးဦး(ဘ) ဦးဗေဒါ အထက(ခွဲ)တောက်တဲ့ရိုး ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ သမိုင်းဘာသာရပ်တွင် မဆွေဆွေလှိုင်(ဘ) ဦးဆန်းအောင် အထက(ခွဲ) ဆင်စွယ်ရွာ ထီးလင်းမြို့နယ် မကွေးတိုင်းဒေသကြီးက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မဝေဝေအောင်(ဘ) ဦးမြင့်လွင် အထက(၁) သဃ်န်းကျွန်း ရန်ကုန်တိုင်းဒေသကြီးက ပထမ အသီးသီးရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်နေကြသူများမှာ မသီတာငြိမ်း(ဘ) ဦးသန်းလွင် မုံရွာတက္ကသိုလ် စစ်ကိုင်းတိုင်းဒေသကြီး၊ မအိအိကျော်(ဘ) ဦးခင်မောင်ထွေး မကွေးတက္ကသိုလ် မကွေးတိုင်းဒေသကြီး၊ မဆုဇင်ဇင်စိုး(ဘ) ဦးမောင်မောင်လေး ပုသိမ်တက္ကသိုလ် ဧရာဝတီတိုင်းဒေသကြီး၊ မမြသီရိကျော် (ဘ) ဦးကျော်ကျော် ရတနာပုံတက္ကသိုလ် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၂ ခုနှစ် မေ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chartrium Hotel ၌ ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ပိုင်းနှင့် မြောက်ပိုင်းနယ်စပ်များသို့ စကဒ်ဒုံးကျည်ပစ်စင်များ ဆီးရီးယားရွှေ့ပြောင်းနေဟုဆို

**အမ္မန်　　မေ　　၈**

အနောက်အုပ်စု သူလျှိုဂြိုဟ်တုများ၏ ထောက်လှမ်းတွေ့ရှိချက်အရ တူရကီ၊ အစ္စရေးနိုင်ငံများနှင့် နယ်မြေချင်းထိစပ်လျက်ရှိသော မြောက်ဘက်နှင့် တောင်ဘက်နယ်စပ်ဒေသများသို့ ဆီးရီးယားနိုင်ငံက ဒုံးပစ်စင်များ ရွှေ့ပြောင်းလျက်ရှိကြောင်း အဘာ ဘာလက်ဒ်နာအမည်ရှိ ဂျော်ဒန်သတင်းဝက်ဘ်ဆိုက်တစ်ခုက မေ ၆ ရက်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံက မြောက်ဘက်နှင့် တောင်ဘက်နယ်စပ်များသို့ ရွှေ့ပြောင်းနေသော ဒုံးပစ်စင်ရာပေါင်းများစွာသည် တာဝေးပစ်စကဒ်ဒုံးကျည်များ ပစ်လွှတ်သည့် ဒုံးပစ်စင်များသာ ဖြစ်နိုင်ကြောင်း အဘာ ဘာလက်ဒ်နာ သတင်းဝက်ဘ်ဆိုက်၏ အဆိုအရ သိရသည်။

ဆီးရီးယားပြည်တွင်းရေးကို ပြည်ပနိုင်ငံများက စစ်ရေးအရ ပါဝင်စွက်ဖက်လာပါက အစ္စရေးနှင့်တူရကီနိုင်ငံများအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်၍ ကျယ်ပြန့်သောဒေသတွင်း စစ်ပွဲတစ်ရပ်ဖန်တီးရန် နှောင့်နှေးနေမည်မဟုတ်ကြောင်း ဆီးရီးယားနိုင်ငံက ခြိမ်းခြောက်ထားသည်။

၁၄ လတာ ကြာမြင့်ခဲ့ပြီဖြစ်သည့် ဆီးရီးယားပြည်တွင်းစစ်အတွင်း စစ်ရေးအရ ပါဝင်စွက်ဖက်ရေးကို စဉ်းစားသုံးသပ်လျက်ရှိကြောင်း တူရကီနှင့် ပြင်သစ်နိုင်ငံတို့က မကြာသေးမီကာလအတွင်း ထုတ်ဖော်ပြောကြားထားသည်။

ဆီးရီးယားနိုင်ငံ၌ ဖြစ်ပေါ်နေသော အခြေအနေများအရ အကျိုးဆက်မှန်သမျှကို နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားများအပေါ် အခြေခံ၍ စဉ်းစားသုံးသပ်လျက်ရှိကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပါလီမန်လွှတ်တော်တွင် ပြောကြားခဲ့သည်။

***အင်တာနက်။***



# လူ့ကိုယ်တွင်းအင်္ဂါများ မှောင်ခိုရောင်းဝယ်သည့်ဂိုဏ်းများ တရုတ်ရဲတပ်ဖွဲ့ ဖြိုခွင်း

**ရှန်ဟိုင်း　　မေ　　၈**

တရုတ်နိုင်ငံအရှေ့ပိုင်း၌ လူ့ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ မှောင်ခိုရောင်းဝယ်နေသည်ဟု ယူဆရသော ရာဇဝတ်ဂိုဏ်းလေးဂိုဏ်းကို ရဲတပ်ဖွဲ့ဝင်များက မေ ၇ ရက်က နှိမ်နင်းခဲ့ပြီး ကျောက်ကပ်များ ထုတ်ယူခံရခါနီး လူငယ် ၂၀ တို့ကို ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းရာဇဝတ်ဂိုဏ်းများ၌ ပါဝင်နေသည်ဟု ယူဆရသူ ၁၆ ဦးတို့ကို ချန်ကျိုးမြို့ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ရှန်ဟိုင်းနေ့စဉ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ချန်ကျိုးမြို့ရဲတပ်ဖွဲ့က ဖမ်းဆီးနှိမ်နင်းခဲ့သော လူ့ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ မှောင်ခိုရောင်းဝယ်သည့် ဂိုဏ်းများအနက် ဂိုဏ်းတစ်ဂိုဏ်းသည် ငွေကြေးလိုအပ်သူများကို ရှာဖွေရန် အွန်လိုင်းပေါ်တွင် ကြော်ငြာလွှင့်တင်ထားကြောင်း သိရသည်။

ယင်းဂိုဏ်းအား ကြိုးကိုင်လှုပ်ရှားသူများသည် ကျောက်ကပ်ထုတ်ယူရောင်းချလိုသည့် ဆန္ဒရှိသူများအတွက် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် စီစဉ်ပေးထားပြီး ကျောက်ကပ်ဝယ်ယူမည့်သူနှင့် ခွဲစိတ်ဆရာဝန်တို့နှင့် ဆက်သွယ်နိုင်ရေးအတွက် အင်တာနက်ကို အသုံးပြုခဲ့သည်။

တရုတ်နိုင်ငံသား ၁ ဒသမ ၅ သန်းခန့်သည် နှစ်စဉ်ကိုယ်တွင်းအင်္ဂါများအစားထိုးရန် လိုအပ်နေသော်လည်း အင်္ဂါအစိတ်အပိုင်းလှူဒါန်းမည့်သူ ရှားပါးခြင်းကြောင့် ယင်းအရေအတွက်၏ ၁ ရာခိုင်နှုန်းလျော့လျော့မျှသာ ကိုယ်အင်္ဂါအစားထိုးကုသမှုပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

တရားမဝင် ကျောက်ကပ်ရောင်းချသူ လူငယ်များ ရရှိသင့်သည့် ငွေကြေးအများစုမှာ ရောင်းချသူ ကာယကံရှင်များ ရရှိခြင်းမရှိခဲ့ဘဲ ကြားလူများ၏လက်တွင်းသို့သာ ရောက်သွားတတ်ကြောင်း ရှန်ဟိုင်းနေ့စဉ်သတင်းစာက ဖော်ပြသည်။

***အင်တာနက်။***



*တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံလုံးက ပိုင်ဆိုင်ခွင့်တောင်းဆိုထားသော ကျွန်းတစ်ကျွန်းအနီး ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုအတွင်း တောင်ကိုရီးယားရေတပ်စစ်သင်္ဘောများကို တွေ့ရစဉ်။*

# စစ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲများ ဂျပန်နှင့်တောင်ကိုရီးယား အရှိန်မြှင့်တင်လာ

**ဆိုးလ်　　မေ　　၈**

ဂျပန်နိုင်ငံနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် အခြေအနေနီးစပ်နေပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ယင်းသဘောတူစာချုပ်များသည် ကိုရီးယားကျွန်းဆွယ်ဒေသ၌ ဂျပန်နိုင်ငံ၏ ကိုလိုနီအုပ်ချုပ်ရေးအဆုံးသတ်ခဲ့ချိန် ၁၉၄၅ ခုနှစ်နောက်ပိုင်း နှစ်နိုင်ငံအကြား ပထမဆုံးအကြိမ် ချုပ်ဆိုနိုင်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များဖြစ်သည်။

သဘောတူစာချုပ်တစ်ရပ်အရ မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များအား နှစ်နိုင်ငံအကြားမျှဝေအသုံးပြုရေး၊ ပင်လယ်ပြင်သုတေသနနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစသော အခွင့်အရေးများရှိလာမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အခြားစာချုပ်တစ်ရပ်တွင်မူ ပင်လယ်ရပ်ခြား ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများနှင့် လက်နက်များအပါအဝင် စစ်ဘက်ဆိုင်ရာ ထောက်ပို့လုပ်ငန်းများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းဖွင့်ပေးထားသည်။

စာချုပ်များ လက်မှတ်ရေးထိုးမည့်နေ့ရက်ကို သတ်မှတ်ပေးခြင်းမရှိသော်လည်း လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်နိုင်ငံအကြား တွေ့ဆုံညှိနှိုင်းမှုများအား အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ မအောင်မြင်သောဒုံးပျံပစ်လွှတ်မှုကြောင့် နှစ်နိုင်ငံအကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များအား အပူတပြင်းချုပ်ဆိုရန် ကြိုးပမ်းနေသည်ဟူသောအချက်ကို တောင်ကိုရီးယားနိုင်ငံက ငြင်းဆိုထားသည်။

သို့ရာတွင် နျူကလီးယားစမ်းသပ်မှုတစ်ရပ်လုပ်ဆောင်ရန် မြောက်ကိုရီးယားကပြင်ဆင်နေဖွယ်ရှိမှုနှင့် တောင်ကိုရီးယားနိုင်ငံအား ခြိမ်းခြောက်ထားမှုတို့ကြောင့် ဒေသတွင်း တင်းမာမှုများမြင့်တက်လျက်ရှိသည်။

***အင်တာနက်။***

# ဒိုင်နိုဆောတို့၏ အစာချေဖျက်မှုမှ ထွက်ပေါ်သော မီသိန်းဓာတ်ငွေ့ကြောင့် ကမ္ဘာကြီး ပူနွေးခဲ့ဖူး

**လန်ဒန်　　မေ　　၈**

ရှေးခေတ်နှစ်သန်းပေါင်းများစွာက ကမ္ဘာပေါ်၌ ကျက်စားခဲ့ဖူးသည့် အသီးအရွက်စား ဧရာမဒိုင်နိုဆော သတ္တဝါကြီးများ၏ အစာချေဖျက်မှုဖြစ်စဉ်မှ ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များကြောင့် ကမ္ဘာကြီး ပူနွေးခဲ့ရဖူးဖွယ်ရှိကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက မေ ၇ ရက်တွင် ပြောကြားသည်။

အစာချေဖျက်မှုမှတစ်ဆင့် သိသာများပြားသော မီသိန်းဓာတ်ငွေ့ပမာဏကို ယနေ့ခေတ် နွားသတ္တဝါများ ထုတ်လွှတ်တတ်သည့်နည်းတူ ကိုယ်ခန္ဓာအလေးချိန် ကီလိုဂရမ် ၂၀၀၀၀ (ပေါင် ၄၄၀၀၀)ရှိ ဆောရိုပေါ့ဒ် ဒိုင်နိုဆောများသည်လည်း အစာချေဖျက်မှုမှတစ်ဆင့် မီသိန်းဓာတ်ငွေ့များ ထုတ်လွှတ်ခဲ့ခြင်းကြောင့် ကမ္ဘာကြီး ပူနွေးခဲ့ဖွယ်ရှိကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ဆောရိုပေါ့ဒ် ဒိုင်နိုဆောများ ရှင်သန်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၅၀ မှ ၆၅ သန်း အကြားကာလ မက်ဆိုဇိုအစ်ခေတ် (Mesozoic Era)အတွင်း ကမ္ဘာ့ရာသီဥတုအခြေအနေသည် ယနေ့ခေတ်ထက် ပိုမိုပူနွေးဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၅၀ ခန့်က ဆောရိုပေါ့ဒ် ဒိုင်နိုဆောများ ထုတ်လွှတ်ခဲ့သည့် မီသိန်းဓာတ်ငွေ့ပမာဏသည် နှစ်စဉ်တန်ချိန်သန်း ၅၂၀ အထိရှိခဲ့ရာ ယနေ့ခေတ် တိရစ္ဆာန်များနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် မီသိန်းဓာတ်ငွေ့ပမာဏ စုစုပေါင်းနှင့် နှိုင်းယှဉ်နိုင်ကြောင်း သိရသည်။

ယနေ့ခေတ်ကာလ၌ ကမ္ဘာတစ်ဝန်း တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ နှစ်စဉ် မီသိန်းဓာတ်ငွေ့ပမာဏတန်ချိန် သန်း ၈၀ မျှ ထွက်ပေါ်နေရာ လူ့ပယောဂကြောင့် ဖြစ်ရသည့် တစ်ကမ္ဘာလုံးဆိုင်ရာ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၂၈ ရာခိုင်နှုန်းရှိသည်။

***အင်တာနက်။***

# ဆော်လမွန်ကျွန်းသားများ ရွှေရောင်ဆံပင်များ ပိုင်ဆိုင်နေခြင်း၏ မျိုးဗီဇအကြောင်းတရား သိပ္ပံပညာရှင်များ လေ့လာဖော်ထုတ်

ဘရစ်စတိုး　　မေ　　၈

**ပါပူဝါနယူးဂီနီနိုင်ငံအရှေ့ဘက် ဆော်လမွန်ကျွန်းစုမှ နက်မှောင်သော အသားအရေပိုင်ရှင် ဌာနေတိုင်းရင်းသားများ ရွှေဝါရောင်ဆံပင်များ ပိုင်ဆိုင်နေရခြင်း၏ မျိုးဗီဇဆိုင်ရာအကြောင်းတရားကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် လေ့လာဖော်ထုတ်လျက်ရှိကြောင်း မေ ၅ ရက် သတင်းများတွင် ဖော်ပြသည်။**

အီကွေတာဒေသအနီး နေထိုင်သူများသည် နေဒဏ်ကို ခံနိုင်ရေးအတွက် နက်မှောင်သည့်အသားအရေနှင့် ဆံပင်များအား ပိုင်ဆိုင်ထားကြသည်။

သို့ရာတွင် ခြွင်းချက်အနေဖြင့် ဆော်လမွန်ကျွန်းစုမှ ဌာနေလူမျိုးစုများကို ဥရောပတိုက်ပြင်ပ၌ သဘာဝ ရွှေဝါရောင်ဆံပင်များ ပိုင်ဆိုင်သူဦးရေ အများဆုံးမျိုးနွယ်စုအဖြစ်သတ်မှတ်နိုင်သည်။



*အသားအရေနက်မှောင်သော်လည်း ရွှေဝါရောင်ဆံပင်များပိုင်ဆိုင်ထားသည့် ဆော်လမွန်ကျွန်းစုမှ မယ်လ်လာနီးရှန်းလူမျိုးစုဝင်များကို တွေ့ရစဉ်။*

အီကွေတာရပ်ဝန်းအနီး တည်ရှိသော ဆော်လမွန်ကျွန်းစုမှ မယ်လ်လာနီးရှန်းလူမျိုးစုဝင်များသည် အာဖရိကတိုက်နွယ်ဖွားများပြီးလျှင် အသားအရေ အနက်မှောင်ဆုံးလူမျိုးများဖြစ်သော်လည်း ယင်းမျိုးနွယ်စု၏ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအကြားရှိ လူဦးရေမှာ ရွှေဝါရောင်ဆံပင်များ ပိုင်ဆိုင်ထားသည်။

ဆော်လမွန်ကျွန်းစုမှ ဌာနေတိုင်းရင်းသားများ၏ အသားအရေနှင့်ဆံပင်တို့၏ အရောင်ကွဲပြားရခြင်းနှင့် ပတ်သက်၍ အဓိကကျသော မျိုးဗီဇဆိုင်ရာ ပြောင်းလဲမှုတစ်ရပ်အား ဗြိတိန်နိုင်ငံ ဘရစ်စတိုးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လေ့လာဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဆော်လမွန်ကျွန်းသား ၈၅ ဦးတို့၏ ဒီအင်န်အေနမူနာများအား သိပ္ပံပညာရှင်များ ရယူလေ့လာခဲ့ရာတွင် အသားအရောင်နက်မှောင်မှုအတွက် အဓိကကျသော ဆဲလ်များကို ကွဲပြားမှုဖြစ်စေသည့် မျိုးဗီဇအပြောင်းအလဲတစ်ရပ်အား တွေ့ရှိခဲ့ကြသည်။

အဆိုပါ မျိုးဗီဇကို ဥရောပတိုက်သားများထံ၌ တွေ့ရှိရခြင်းမရှိသောကြောင့် ဆော်လမွန်ကျွန်းသားများ အသားအရောင်နက်မှောင်သော်လည်း ရွှေဝါရောင်ဆံပင်များပိုင်ဆိုင်ထားခြင်းသည် ဒေသတွင်း သီးခြားပေါ်ပေါက်သည့် စရိုက်လက္ခဏာတစ်ရပ်သာဖြစ်ကြောင်း သိပ္ပံပညာရှင်များက ကောက်ချက်ချထားသည်။

***အင်တာနက်။***



# ဇီဝနည်းပညာသုံး ကွန်ပျူတာများ တည်ဆောက်ရေး ဗက်တီးရီးယားများ အထောက်အကူပေးနိုင်ဖွယ်ရှိ

**လိဒ်　　မေ　　၈**

အနာဂတ်ကာလ၌ ဇီဝနည်းပညာသုံး ကွန်ပျူတာများ တည်ဆောက်ရာတွင် သံလိုက်စွမ်းအားထုတ်ပေးနိုင်သည့် ဗက်တီးရီးယားပိုးမွှားများအား အသုံးချ၍ ရနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

ဇီဝနည်းပညာသုံး ကွန်ပျူတာများတည်ဆောက်ရေးအတွက် အကြိုလေ့လာမှုများပြုလုပ်ရာတွင် ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ်တို့မှ ပူးပေါင်းသုတေသနအဖွဲ့က သံသတ္တုများကို စားသုံးသည့် ဗက်တီးရီးယားများကို စူးစမ်းခဲ့ကြသည်။

သံသတ္တုကို စားသုံးသော အဏုဇီဝပိုးမွှားများ၏ ခန္ဓာကိုယ်အတွင်းသံလိုက်ဓာတ်စီးဝင်နေသည့် အမှုန်ငယ်များ ဖြစ်ပေါ်တတ်ရာ ကွန်ပျူတာများတွင် အသုံးပြုသည့် အချက်အလက်သိုလှောင်ရှာဖွေရေးကိရိယာ(Hard Drive)များ အလုပ်လုပ်ပုံနှင့်အလားတူကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သံစားအဏုဇီဝပိုးမွှားများအပေါ် အခြေခံသည့် အဆိုပါ သုတေသနပြုလုပ်ချက်သည် မြန်နှုန်းမြင့်သည့် ကွန်ပျူတာအချက်အလက်သိုလှောင်ရှာဖွေရေးကိရိယာများ ဖန်တီးနိုင်ရေးအတွက် လမ်းဖွင့်ပေးမည်ဖြစ်သည်။

ယနေ့ခေတ်၌ နည်းပညာများတိုးတက်လာသည်နှင့်အမျှ ကွန်ပျူတာအစိတ်အပိုင်းများသည်လည်း အရွယ်အစားအားဖြင့် ပိုမိုသေးငယ်လာရာ အလွန်သေးငယ်သည့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရေးမှာ ပိုမိုခက်ခဲလာပြီ ဖြစ်သည်။

သိပ္ပံပညာရှင်များ လက်ရှိစူးစမ်းလျက်ရှိသော Magnetospirillium magneticum အမည်ရှိ ဗက်တီးရီးယားများသည် ရေနှင့် နီးစပ်သော ပတ်ဝန်းကျင်များနှင့် အောက်ဆီဂျင်နည်းပါးသော နေရာများတွင် ရှင်သန်လေ့ရှိသည်။

***အင်တာနက်။***

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသံအမတ်ကြီးတွေ့ဆုံ

**နေပြည်တော် မေ ၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံအကြား နည်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းရပ်များအဖြစ် စိုက်ပျိုးရေးသုတေသနစင်တာ (A CARE CENTER) တည်ဆောက်ရေးလုပ်ငန်းနှင့် RICE BIO PARK တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနည်းပညာရပ် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agrobased Industry)များ နှစ်ဖက်အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဒုတိယဝန်ကြီး ဒေါက်တာကံဇော် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၈**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ခပေါင်းခန်းမ၌ ခရိုင်/မြို့နယ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဒေသလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ခရိုင်/မြို့နယ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဒေသလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဒေသအတွင်းရှိ စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး နိုင်ငံပိုင်ကဏ္ဍ၊ သမဝါယမ/အဖွဲ့အစည်းများကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ စသည့် နယ်ပယ်ကဏ္ဍ (၃)ရပ်လုံးမှ စာရင်းဇယားများ၊ ကိန်းဂဏန်းများ တိကျမှန်ကန်စွာ ကောက်ယူပေးနိုင်ရေးနှင့် ဒေသန္တရစီမံကိန်း၊ မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်တင်ပြနိုင်ရေး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လစဉ်ကြီးကြပ်ဆောင်ရွက်ရန်နှင့် လအလိုက် သုံးသပ်ချက်များကို သတ်မှတ်ကာလအတွင်း ပေးပို့နိုင်ရေး၊ ရေတိုရေရှည် အကျိုးရှိမည့် စီမံကိန်းများ ဖြည့်စွက်ရေးဆွဲသွားနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်နိုင်မှုအား အကဲဖြတ်သုံးသပ်နိုင်ရေး၊ ပေါင်းစည်းစာရင်းများ ကောက်ယူနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ လိုအပ်သည်များကို ဆွေးနွေးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အစ္စရေးသံအမတ်ကြီး ဦးဆောင်သောအဖွဲ့တွေ့ဆုံ

**နေပြည်တော် မေ ၈**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer ဦးဆောင်သော အဖွဲ့သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အစ္စရေးနိုင်ငံအကြား ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအပြင် ကျေးလက်ဆက်သွယ်ရေးအား အဓိကထားမည့် VOICE နှင့် DATA ဝန်ဆောင်မှု၊ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှု၊ ဖိုင်ဘာကွန်ရက်တည်ဆောက်ရေးစသည့် စီမံကိန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးတင့်လွင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးက္ကဒ္ဒိလှ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်နှင့် ဌာနကြီးမှူးများ၊ အင်ဂျင်နီယာချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ညောင်ပင်လေးပလာဇာ လမ်းမတော်လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်ဟုန်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။** (သတင်းစဉ်)





**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား အမေရိကန်နိုင်ငံ Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးဘရွှေအား အမေရိကန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၈**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား အမေရိကန်နိုင်ငံ Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးစနစ်၊ မြန်မာအမျိုးသမီးများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ၊ အခြေခံပညာကျောင်းများရှိ သိပ္ပံလက်တွေ့ခန်း အခြေအနေများ၊ ကျောင်းပြင်ပပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ သိပ္ပံနှင့် သင်္ချာထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာရေးအတွက် အစီအစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ပညာရေးအစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျာမနီနိုင်ငံ Hanns Seidel Foundation တို့ ပူးပေါင်း၍ Corporate Social Responsibility(CSR) အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက် (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းချုပ် ပထမထပ်ရှိ Function Hall ၌ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ တိုးတက်ပြောင်းလဲလာသော လူနေမှုဘဝတွင် စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်တို့နှင့် သဟဇာတဖြစ်ရေး၊ CSR ကို စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုသိရှိပြီး တွင်ကျယ်စွာ အသုံးပြုလာစေရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတု၏ ရိုက်ခတ်မှုကို ထည့်သွင်းစဉ်းစားနိုင်ရေးတို့ဖြစ်သည်။

ဆွေးနွေးပွဲသို့ အာရှနှင့် အာဆီယံတို့မှ CSR ကျွမ်းကျင်ပညာရှင်များ၊ CSR ကျင့်သုံးနေသည့် ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်များက စာတမ်းများဖတ်ကြားတင်ပြဆွေးနွေးမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ဆွေးနွေးလိုသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ မေ ၁၁ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

# ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်ခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို"Green Economy: Does it Include You?" **"ပတ်ဝန်းကျင် မပျက်ယွင်းစေသော အစိမ်းရောင် စီးပွားရေး၊ သင်တို့အားလုံးပါဝင်ဆောင်ရွက်ပေး"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ထူးခြားချက်မှာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် စတင်သတ်မှတ်ခဲ့သည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ်ဖြစ်နေခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ၁၉၉၂ ခုနှစ် ရီယိုထိပ်သီးညီလာခံအပြီး အနှစ် ၂၀ အကြာ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ပင် ကျင်းပပြုလုပ်မည့် ရီယို+၂၀ ညီလာခံကြီးနှင့် တိုက်ဆိုင်နေခြင်း၊ သတ်မှတ်ဆောင်ပုဒ်မှာ အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ရန်ဖြစ်နေခြင်းနှင့် ၂၀၁၂ ခုနှစ်ကို ကုလသမဂ္ဂက အားလုံးအတွက် ရေရှည်တည်တံ့သော အပြည်ပြည်ဆိုင်ရာစွမ်းအင်နှစ်အဖြစ် သတ်မှတ်ထားခြင်းတို့ဖြစ်သည်။

ကုလသမဂ္ဂက ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) နှင့် ဆင်းရဲမှုလျှော့ချရေး (Poverty Eradication) အတွက် အစိမ်းရောင်စီးပွားရေး (Green Economy)ဟု ခေါ်တွင်သည့် ပတ်ဝန်းကျင်ယိုယွင်းမှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ယိုယွင်းမှု အနည်းဆုံးဖြစ်စေသော စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရန်နှင့် ယင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကြရန် ကမ္ဘာ့နိုင်ငံများအားလုံးသို့ တိုက်တွန်းထားရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အချက်အလက်များ၊ မိမိတို့ ရေးသားလိုသည့် အခြားအချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာ စာလုံး Win-Innwa သို့မဟုတ် Myanmar Unicode(Myanmar 2)၊ စာလုံးအရွယ်အစား-၁၈ (Font size 18) စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ(Hard copy) တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၀၆၇-၄၀၅၃၈၆၊ ၀၆၇-၄၀၅၃၉၀ တို့သို့ မေ ၂၅ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**

# ပိုလ်တထောင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

**ရန်ကုန် မေ ၈**

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် မြို့နယ်စာရေးဆရာအသင်း ဖွဲ့စည်းရေးအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝိုင်အမ်စီအေအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒေါ်တင်မွေး (မွေးငယ်ငယ်)က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်အလုပ်အမှုဆောင်ကော်မတီအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဖွဲ့စည်းရေးအတွက် ကိုယ်တိုင်ဆန္ဒပြုအမည်စာရင်းတင်သွင်းကြပြီး ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)၊ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်း (တနင်္သာရီကျော်ဝင်း)၊ အဖွဲ့ဝင် ဦးမြစိန်(မိုးကျော်သူ)နှင့် ဒေါ်ကြည်ကြည်ဝင်း(ကြည်ကြည်ဝင်း စာပေဗိမာန်) တို့ ငါးဦးကို ရွေးချယ်သည်။ ညီလာခံကိုယ်စားလှယ်အဖြစ် ဦးကြိုင်မြင့်(မောင်ရန်ရှင်း)ကို ရွေးချယ်သည်။

ဆက်လက်၍ အသက်(၇၅)နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီး ကိုးဦးတို့အား ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (ကြေးမုံ)

# သတင်းစာတစ်စောင်၏ တန်ဖိုး

## စာဖတ်သူတစ်ဦး

“သတင်းစာတစ်စောင်၏တန်ဖိုးဟူသည်မှာ ထိုသတင်းစာတစ်စောင်အတွက် အဖိုးအခ မည်ရွေ့မည်မျှပေး၍ ဝယ်ယူရသည်ဟူသည့် ငွေကြေးတန်ဖိုးထက် အဆိုပါ သတင်းစာတွင် စာဖတ်သူများအား အသိအမြင် အချက်အလက်ဗဟုသုတ မည်မျှ ကြီးကြီးမားမား ပေးထားနိုင်သည်ဟူသည့် သတင်းတန်ဖိုးသည်သာ ပဓာနဖြစ်သည်” ဟု သတင်းစာဆရာကြီးတစ်ဦး၏ အဆိုကို မှတ်သားဖူးသည်။

ထို့ကြောင့် သတင်းစာတစ်စောင်၏တန်ဖိုးသည် သတင်းစာရောင်းဈေးတန်ဖိုး အနည်းအများပေါ်တွင် မူမတည်ဘဲ ထိုသတင်းစာတွင်ပါရှိသည့် သတင်း၏ တန်ဖိုး ပေါ်တွင်သာ မူတည်သည်ဟူသည့်အဆိုကို သတင်းစာဖတ်ပြည်သူများ သိရှိနားလည် လက်ခံကြမည်ဟုယုံကြည်ပါသည်။ သတင်းစာကို နှစ်ပေါင်းများစွာ နေ့ရက်မပျက် ဖတ်ရှုလာခဲ့ရသော သတင်းစာဖတ်သူမိမိတို့အဖို့ ယနေ့သတင်းစာတွင် ဘာသတင်း ထူးသည်၊ ဘာသတင်းကောင်းသည်၊ ဖတ်စရာ ဘာများပါသည်တို့ကိုသာ နေ့စဉ် ရှာဖွေကြည့်ရှုတတ်ကြပါသည်။ သတင်းစာတစ်စောင်ကို နေ့စဉ်သော်လည်းကောင်း၊ လစဉ်သော်လည်းကောင်း အခကြေးငွေပေး၍ ဝယ်ယူနေကြသည်မှာ သတင်းစာ ဖတ်သူများအတွက် ပြောပလောက်စရာငွေကြေးပမာဏ မဟုတ်သည့်အပြင် အဆိုပါ သတင်းစာတွင် ပါဝင်သော၊ အသိသုတပေးနိုင်သော၊ ထူးခြားသော သတင်းတို့က ပို၍အဖိုးတန်သည့်အတွက် သတင်းစာကို ဝယ်ယူဖတ်ရှုမိကြခြင်း ဖြစ်ပါသည်။

ဆိုရပါမူ မိမိတို့ဖတ်လိုသော သတင်းစာတစ်စောင်ကို သတင်းစာတိုက်မှ တိုက်ရိုက်မှာယူလျှင် တစ်စောင်လျှင် ကျပ် ၅၀ ဖြင့် ကိုယ်စားလှယ်လပေးနှုန်း ကျပ် ၂၀၀၀ ဝန်းကျင်ဖြင့်ဖြစ်စေ၊ လက်ပွေ့ရောင်းသူထံမှ တစ်စောင် ဈေးနှုန်းကျပ် ၁၀၀ ဖြင့် ဖြစ်စေ ဝယ်ယူဖတ်ရှုလေ့ရှိကြပါသည်။ တစ်ရက်လျှင် လက်ဖက်ရည် တစ်ခွက်ဖိုးမရှိ၊ တစ်လလျှင် ထမင်းတစ်ပွဲဖိုးမရှိသည့် သတင်းစာဖိုးကုန်ကျငွေထက် ထိုသတင်းစာ၌ တန်ဖိုးရှိသော သတင်းများပါလျှင် စာဖတ်သူတို့ ကျေနပ်ကြပါသည်။ ထို့ကြောင့် သတင်းစာတစ်စောင်၏တန်ဖိုးသည် ကျသင့်ငွေမဟုတ်၊ သတင်းတန်ဖိုးဖြစ်သည်ဟု ဆိုချင်ပါသည်။

သာဓကအားဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်သူများ စိတ်ဝင်စားသည့် သတင်းထူး၊ သတင်းဦးများပါရှိလျှင် သတင်းစာများမှာ ရောင်းမလောက်အောင် ဖြစ်ခဲ့ကြပြီး ရံဖန်ရံခါတွင် လိုအပ်သော သတင်းစာရောင်းစောင်ရေ မရှိတော့သဖြင့် ပရိသတ်သိလိုသော သတင်းများကို သတင်းစာရောင်းသူတို့က မိတ္တူဆွဲ၍ ရောင်းချ ကြသည်ကိုပင် တွေ့ရှိရပါသည်။ မင်္ဂလာတောင်ညွန့် စက်ဆန်းရပ်ကွက် မီးလောင် ပေါက်ကွဲမှုဖြစ်စဉ်သတင်းများဖြစ်ပေါ်ခဲ့စဉ်က နောက်တစ်နေ့နံနက် အချိန်မီထွက်ရှိ လာသော သတင်းစာများမှာ ရောင်းမလောက်အောင်ဖြစ်ကြရပြီး အဆိုပါသတင်း များကို ထပ်မံမိတ္တူဆွဲယူ၍ ရောင်းချကြရသည်ဟု ဆိုပါသည်။

**သတင်းစာဖတ်သူအများစုမှာ မိမိတို့သိလိုသော အကြောင်းအရာ အချက်အလက်များကို မျှော်တလင့်လင့် ဖတ်ရှုလိုကြသူများဖြစ်ပါသည်။ ပရိသတ် သိလိုသော သတင်းအချက်အလက်ကို မြန်မြန်ဆန်ဆန်၊ အချက်အလက် စုံစုံလင်လင်၊ ခိုင်ခိုင်မာမာ၊ တိတိကျကျဖော်ပြပေးနိုင်သော သတင်းစာကို ရွေးချယ်ဝယ်ယူလေ့ရှိ ကြပါသည်။ ထို့ကြောင့် သတင်းစာများတွင်လည်း ထူးခြားသော သတင်းအချက် အလက်များကို ထည့်သွင်းပေးခြင်းဖြင့် ပရိသတ်၏ နှစ်သက်လက်ခံမှုကို ရယူသင့်ပါ သည်။ သတင်းစာကို မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ဝေသည်ဖြစ်စေ အများပြည်သူ က လိုလိုလားလားဖတ်ရှုမှသာ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်နိုင်မည်ဖြစ် ပါသည်။**

မျက်မှောက်ကာလ မီဒီယာအခြေအနေများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ပြောင်းလဲလာသော ခေတ်စနစ်အရ ဂျာနယ်စာစောင်များမှာ တစ်ဟုန်ထိုးဖွံ့ဖြိုးလာ သည်ကို တွေ့ရမည်ဖြစ်သည်။ ဂျာနယ်များမှာ အကြောင်းအရာပိုင်း၊ အပြင်အဆင် ပိုင်း သစ်လွင်ဆန်းသစ်လာသကဲ့သို့ မီဒီယာကဏ္ဍမှ ကန့်သတ်ချက်များကို တစ်ဆင့် ချင်း ဖြေလျှော့ပေးလိုက်သော အကျိုးကျေးဇူးများကြောင့် သွက်လက်ဆန်းသစ်၊ အသွင်သစ်များဖြင့် ပြည်သူများအကြားသို့ ထဲထဲဝင်ဝင် ရောက်ရှိခဲ့ပါသည်။ ဂျာနယ် များသည် ပြည်သူအများ၏ အားနည်းချက်၊ အားသာချက်များကို ထောက်ပြနိုင် သကဲ့သို့ ဌာနဆိုင်ရာများ၏ အားနည်းချက်၊ အားသာချက်များကိုလည်း ဝေဖန်သုံးသပ် ပြနိုင်သဖြင့် ပြည်သူများအား ပိုမိုဆွဲဆောင်နိုင်ခဲ့ပါသည်။

မီဒီယာဟူသည် အစိုးရ၏ နိုင်ငံနှင့် ပြည်သူအကျိုးပြုဆောင်ရွက်ချက်များကို ပြည်သူအား အသိပေးရသကဲ့သို့ ပြည်သူ၏လိုအပ်ချက်များကိုလည်း အစိုးရအား ပြန်လည်အသိပေးရသော အစိုးရနှင့် ပြည်သူ ပေါင်းကူးဆက်သွယ်ပေးသည့် ကြားခံ ကိရိယာဖြစ်ပေသည်။ ထို့အပြင် အစိုးရ၏လိုလားချက်ကို ပြည်သူများသိအောင် ဝေဖန်သုံးသပ်ပြရသကဲ့သို့ ပြည်သူ၏ လိုလားချက်များကိုလည်း အစိုးရသိအောင် မီးမောင်းထိုးပြခြင်းဖြင့် အပြန်အလှန်ထိန်းညှိပေးရလေသည်။

ထိုအလုပ်ကို မျက်မှောက်ကာလ ပေါ်ထွက်သော ဂျာနယ်များက ဆောင်ရွက်ကြ သဖြင့် သတင်းစာတစ်စောင်၏ တန်ဖိုးထက် ၁၀ ဆမက အဆ ၂၀ အထိရှိသော ဂျာနယ်များ၏ ဈေးကွက်ဖြစ်လာပါသည်။ ပြည်သူများက ငွေကြေးတန်ဖိုးကို အဓိက မထားဘဲ သတင်းတန်ဖိုးကို အလေးထားကာ ဂျာနယ်များကို တိုးတက်ဖတ်ရှုလာ ကြပါသည်။

မီဒီယာဟုခေါ်ဆိုသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများထဲတွင် နိုင်ငံပိုင် သတင်းစာများလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံပိုင်သတင်းစာ များအနေဖြင့် အစိုးရဌာနဆိုင်ရာသတင်းများ လွှမ်းမိုးနေသည်မှန်သော်လည်း အဆိုပါ သတင်းများကိုပင် တင်ပြပုံ သွက်လက်ထက်မြက်ပြီး နယ်သတင်းများနှင့် ပေါင်းစပ်၍ အားကောင်းမောင်းသန်ဖြစ်လာမည်ဆိုပါက မိမိတို့ စာဖတ်သူအားလုံးက ယခု သတင်းစာတန်ဖိုးထက် သုံးလေးဆခန့်ပိုပေး၍ ဖတ်ရန် ဝန်လေးမည်မဟုတ်ပါ။

ထို့ပြင် လက်ရှိအနေအထားအရ နိုင်ငံပိုင်သတင်းစာများအပေါ် မိမိတို့ သတင်းစာဖတ်ပရိသတ်များက အားထားကြသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရ၏ မူဝါဒနှင့် သတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် သိနေရခြင်း၊ သတင်းဖော်ပြ ချက်များမှာ တိကျခိုင်မာသည့်အပြင် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများလည်း ကင်းစင်ခြင်း၊ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် အပြုသဘောဆောင်ခြင်းနှင့် ကြော်ငြာများ ထည့်သွင်း ဖော်ပြရာ၌ နိုင်ငံပိုင်သတင်းစာများသာ တရားဝင်သဘောဆောင်ခြင်းတို့ကြောင့် ဖြစ်သည်။

သို့သော် အဆိုပါအချက်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထဲထဲဝင်ဝင် ရောက်ရှိဖို့လိုပေမည်။ အဘယ်ကြောင့်ဆိုသော် သတင်း၊ ဖြစ်စဉ်နှင့် ကြော်ငြာများကို အလျင်အမြန်ဖော်ပြပေးပြီး သတင်းစာကို စောစီးစွာ ရိုက်နှိပ်နိုင် သော်လည်း အချို့နေရာဒေသများအတွက် သတင်းစာပို့ဆောင်ဖြန့်ချိမှုစနစ်မှာ နှေးကွေး နေသေးသည်ကို တွေ့ရှိရဆဲဖြစ်ပါသည်။ သတင်းစာဖတ်သူ၏ သဘောသဘာဝမှာ သတင်းစာတစ်စောင်ကို မိုးလင်းသည်နှင့် ဖတ်ရှုလိုကြပါသည်။ ထိုမှ မရလျှင် နေမတက်မီ ဖတ်ရှုလိုကြပါသည်။ ထိုမှ အဆင့် လျော့၍ မွန်းလွဲ၊ ညနေမှသည် နေ့ကူး သွားပြီဆိုလျှင်မူ မည်ရွေ့မည်မျှ သတင်းဦး၊ သတင်းထူး ပါဝင်သည်ဖြစ်စေ သတင်းစာ အပေါ် စိတ်ဝင်စားမှုလျော့နည်းပြီး သတင်းစာတစ်စောင်၏တန်ဖိုး လျော့ကျသွားမည် သာဖြစ်သည်။ သတင်းစာအသက် တစ်မနက်ဆိုသည့်စကားအတိုင်း သတင်းစာ တစ်စောင်၏ တန်ဖိုးသည် နံနက်နေအထွက်တွင် တန်ဖိုးအမြင့်ဆုံးဖြစ်ပြီး နေမြင့်မွန်းလွဲ သည်နှင့် တန်ဖိုးတစ်စတစ်စ ယုတ်လျော့ကျဆင်းသွားလေသည်။

**သတင်းစာဖတ်ပြည်သူတစ်ဦးအနေဖြင့် နိုင်ငံပိုင်သတင်းစာများအပေါ် အားမနာတမ်း ဝေဖန်သုံးသပ်ရမည်ဆိုလျှင် သတင်းစာများ၏ လက်ရှိဖော်ပြနေသော အကြောင်းအရာများ၊ အပြင်အဆင်များ ဆန်းသစ်ရန်လိုသေးသည်မှာ အမှန်ပင် ဖြစ်သည်။ နိုင်ငံတကာသတင်းစာများ၏ စံနှုန်းကိုမီရန်လည်း လိုသည်။ ပြုပြင်သင့် သည်များကို ရဲရဲတင်းတင်းပြုပြင်ပြီး အများစိတ်ဝင်စားအောင် ဖော်ပြပေးသင့်သည်။ တကယ်တမ်း၌ နိုင်ငံပိုင်သတင်းစာများတွင် ဌာနဆိုင်ရာသတင်းများ ၈၀ ရာခိုင်နှုန်းခန့် လွှမ်းမိုးနေပြီး အများနှင့်သက်ဆိုင်သော၊ ပြည်သူအများစိတ်ဝင်စားသော သတင်း များမှာ ၂၀ ရာခိုင်နှုန်းခန့်သာ ပါရှိသည်။ အမှန်တကယ်ဖြစ်သင့်သည်မှာ အများ စိတ်ဝင်စားသော သတင်းကို ရာခိုင်နှုန်း ၆၀ ခန့်ထား၍ ဌာနဆိုင်ရာသတင်းများကို ရာခိုင်နှုန်း ၄၀ ထားလျှင် စာဖတ်သူများ နိုင်ငံပိုင်သတင်းစာအပေါ် ယခုထက်ပို၍ အာရုံစူးစိုက်လာကြမည်မှာ အမှန်ပင်ဖြစ်သည်။**

လက်တွေ့တွင် နိုင်ငံပိုင်သတင်းစာများသည် အကြောင်းအရာ၊ အရေးအသားနှင့် အသွင်အပြင်ပိုင်း၌ ကြိုးစားပြောင်းလဲလာခဲ့သော်လည်း ပီပြင်အောင် လက်စွမ်းမပြနိုင် သေးသည်မှာ အမှန်ပင်ဖြစ်သည်။အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းနှင့် အသွင် အပြင်ပိုင်းတို့ ဆန်းသစ်စေရေးကို မျက်ခြည်မပြတ်သင့်ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို သူ့ထက်ငါ ဦးအောင်၊ အများအတွက် အကျိုးရှိသော သတင်းဦး၊ သတင်းထူးများကို ပြည်သူများထံ အမြန်ဆုံးရောက်ရှိအောင် ပေးပို့ဆောင်ရွက်လျက်ရှိ သည်မှန်သော်လည်း ယခုထက်ပိုမိုကြိုးစားလျှင် ပို၍ခရီးရောက်မည်ဖြစ်ပါသည်။

ယခု နိုင်ငံပိုင်သတင်းစာများ၌ အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း ပြောင်းလဲဆန်းသစ်မှုများဖြင့် ကြိုးစားလာကြသည်ကို အထိုက်အလျောက် တွေ့ရသည်။ နိုင်ငံအတွက်လည်း မထိခိုက်စေ၊ ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေလျှင် ရဲရဲဝံ့ဝံ့ဖော်ပြသင့်သည်။ သတင်းစာဟူသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား ပေါင်းကူးဆက်သွယ်ပေးသည့် မီဒီယာပေါင်းကူးတံတားဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရ နှင့် ပြည်သူတို့အကြားတွင် မှန်ကန်သော သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန် ပေးပို့ခြင်းဖြင့် စတုတ္ထမဏ္ဍိုင်အခန်းကဏ္ဍတာဝန်ကို ကျေပွန်ရန်ဖြစ်ပါသည်။ လက်တွေ့ တွင် ဖတ်လိုရာရာများ ဖွယ်ဖွယ်ရာရာ ပါဝင်လာသည်မှန်သော်လည်း အကြောင်းအရာကို ဦးစားပေးရမည့် သတင်းများအစား ပုဂ္ဂိုလ်ရေးကို ဦးစားပေးသော သတင်းများကသာ နေရာအတော်များများ ယူထားဆဲဖြစ်မည်ဟု ဆိုချင်ပါသည်။

ဤသည်တို့မှာ သတင်းစာဖတ်ပရိသတ်တစ်ဦးအနေဖြင့်သော် လည်းကောင်း၊ သတင်းစာအပေါ် သံယောဇဉ်ရှိသည့် ပြည်သူတစ်ဦးအနေဖြင့်သော် လည်းကောင်း ဂုဏ်ရှိန်မြင့်မားသော နိုင်ငံပိုင်သတင်းစာကြီးများ ဖြစ်စေလိုသောစေတနာဆန္ဒဖြင့် ပြည်သူ့အမြင်၊ ပြည်သူ့ဆန္ဒများကို ကိုယ်စားပြု၍ ပွင့်လင်းရိုးသားစွာ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

မိမိအနေဖြင့် နိုင်ငံပိုင်သတင်းစာများအပေါ် နှစ်ပေါင်း ၃၀ ကျော် ခင်တွယ်လာ ခဲ့သူဖြစ်ရာ စေတနာအရင်းခံဖြင့် တင်ပြခြင်းလည်းဖြစ်သည့်အပြင် ယနေ့သတင်းစာ များ၏ အခက်အခဲများကိုလည်း နားလည်စာနာပြီးဖြစ်ပေသည်။ သတင်းစာ အသိုင်း အဝိုင်းရှိ မိတ်ဆွေအပေါင်းအသင်းများမှတစ်ဆင့် သတင်းစာလုပ်ငန်းအကြောင်းကို လည်း အတန်အသင့် တီးမိခေါက်မိ လေ့လာမှတ်သားဖူးပါသည်။ သတင်းစာထုတ်လုပ် ရေးအလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ဟု သိရပါသည်။

သတင်းထောက်များက တစ်နေ့တာ ရှာဖွေရရှိသော သတင်းများ(စားဖွယ်များ)ကို (အချို၊ အချဉ်၊ အငန်၊ အစပ်အရသာရှိ ဟင်းလျာတစ်ခွက်ဖြစ်အောင်) စားဖိုမှူး အယ်ဒီတာများက ညပိုင်းတွင် အချိန်မီ၊ အချိန်ကိုက် (On Time, In Time) ဝင်အောင် အလျင်အမြန် ချက်ပြုတ်ကြသကဲ့သို့ ပြုစုတည်းဖြတ် ပြင်ဆင်ဆောင်ရွက်ကြ ရပါသည်။ တစ်နည်းဆိုသော် သတင်းစာတစ်စောင် ဖြစ်မြောက်အောင် ပြုလုပ်ခြင်းသည် မသိုးသက်န်း ရက်လုပ်ခြင်းနှင့်တူပြီး နံနက်အရုဏ်တက်၌ ချည်ချော၊ ချည်လွဲမပါဘဲ ကောင်းမွန်သော သင်္ကန်းတစ်ထည်ဖြစ်အောင် ညဦးကတည်းက ရက်လုပ်ရသကဲ့သို့ အယ်ဒီတာများ၊ စာပြင်ဆရာများ၊ ကွန်ပျူတာအဖွဲ့သားများ၊ ဖိုတိုလစ်သိုအဖွဲ့သားများ၊ စက်ဆရာများက နံနက်မိုးမလင်းမီ အမှားအယွင်းကင်းစင်ပြီး ပြည်သူစိတ်ဝင်စားသည့် သတင်းစာကောင်းတစ်စောင် ထွက်ရှိအောင် တက်ညီလက်ညီ သူ့တာဝန်နှင့်သူ ဝိုင်းဝန်း လုပ်ဆောင်ကြရသည်ဟု ဆိုပါသည်။

နံနက်မိုးလင်း၍ သတင်းစာတစ်စောင် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိပြီးနောက် စာဖတ်သူတို့က တစ်ခဏတာသာ ဖတ်ရှုကြပါသည်။ သတင်းစာဖတ်ခြင်းကိစ္စ ပြီးဆုံး သွားသောအခါ ထိုနေ့ထုတ်သတင်းစာသည် အသုံးမဝင်တော့သည့်အခြေသို့ ရောက် သွားပါသည်။ ထို့ကြောင့် သတင်းစာအသက် တစ်မနက်ဟု အလွယ်ဆိုကြသော်လည်း သတင်းစာတစ်စောင်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်မှု၊ အရင်းအနှီး စိုက်ထုတ်မှုများမှာ များပြားလှပါသည်။ **လက်ရှိ နိုင်ငံပိုင်သတင်းစာတစ်စောင် ထွက်ရှိ ရေးအတွက် အမြတ်အစွန်းကိုမကြည့်ဘဲ ပြည်သူများ သက်သာလွယ်ကူစွာ ဖတ်ရှုနိုင် အောင် အရှုံးခံ ထုတ်ဝေပေးနေသည်ဟု လေ့လာသိရှိရပါသည်။ အမှန်တကယ်လည်း သတင်းစာတစ်စောင်ဖြစ်လာရန်အတွက် ကုန်ကြမ်းတန်ဖိုး၊ စက်ပစ္စည်းတန်ဖိုး၊ လစာနှင့် စရိတ်၊ သတင်းချီးမြှင့်ခငွေများ စုပေါင်းလိုက်လျှင် အမှန်ကုန်ကျစရိတ် တန်ဖိုးမှာ ယခု ရောင်းချနေသော တစ်စောင်လျှင် ကျပ် ၅၀ ထက် များစွာပိုမည်ဟု ယုံကြည်ပါသည်။ သတင်းစာတစ်စောင် ကျပ် ၅၀ ဆိုသည့်တန်ဖိုးမှာ မည်သည့် နိုင်ငံတွင်မှ ရှိမည်မဟုတ်တော့ပါ။ ထိုင်းနိုင်ငံထုတ် ဗန်ကောက်ပို့စ်သတင်းစာ တစ်စောင်လျှင် ဘတ် ၃၀ (မြန်မာ ငွေဖြင့် ကျပ် ၇၅၀ ကျော်)၊ တရုတ်နိုင်ငံထုတ် ချိုင်းနားဒေးလီးသတင်းစာ တစ်စောင်လျှင် ၁ ဒသမ ၅ ယွမ် (မြန်မာငွေကျပ် ၂၅၀ ခန့်)၊ ဂျပန်နိုင်ငံထုတ် အဆာဟိရှင်ဘွန်း၊ ယူမီ ယူရီရှင်ဘွန်း သတင်းစာတစ်စောင်လျှင် ယန်း ၁၂၀ (မြန်မာ ငွေကျပ် ၁၅၀၀ ခန့်)၊ အင်တာနေရှင်နယ် ဟာရယ်ထရီဗျူးန် သတင်းစာတစ်စောင်လျှင် သုံးဒေါ်လာ (မြန်မာ ငွေကျပ် ၂၄၀၀ ခန့်)ရှိသည်ဟု သိရှိရရာ မြန်မာသတင်းစာတစ်စောင် ကျပ် ၅၀ ဟူသည်မှာ စိတ်ကူးနှင့်ပင် မယုံကြည်နိုင်လောက်အောင် နည်းပါးလှသော တန်ဖိုးပမာဏ ဖြစ်လေသည်။**

နိုင်ငံပိုင်သတင်းစာများတွင် တန်ဖိုးမြင့်မားသည့် သတင်းများ ယခုထက် ပိုမို ပါဝင်လာမည်ဆိုပါက စာဖတ်သူများအနေဖြင့် လက်ရှိသတင်းစာဈေးနှုန်း တစ်စောင် ကျပ် ၅၀ ထက် သုံးလေးဆ ပိုပေးရန် ဝန်လေးမည်မဟုတ်ပါ။ သတင်းစာကုန်ကြမ်း ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသည်ဖြစ်ရာ ယခုအခါ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံခြားငွေတန်ဖိုးကို နှုန်းရှင် ကျပ် ၈၀၀ ကျော်ဝန်းကျင်သို့ နေ့စဉ်ပြင်ဆင်သတ်မှတ်ပေးလျက်ရှိသည့်အတွက် သတင်းစာသုံး ကုန်ကြမ်းပစ္စည်း တန်ဖိုးမှာလည်း ယခင်ကထက် အဆပေါင်းများစွာ မြင့်တက်သွားနိုင်သည်ကို ထည့်သွင်းစဉ်းစားမိပါသည်။

သို့ဖြစ်၍ သတင်းစာတစ်စောင်၏ တန်ဖိုးမှာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အခြေအနေအချိန်အခါကိုလိုက်၍ မြင့်တင်သွားရမည်သာ ဖြစ်ပါသည်။ တစ်ဖက်က ပြည်သူအကြိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ပြီး တစ်ဖက်ကလည်း ရေရှည်ရပ်တည် ရှင်သန်နိုင်မည့် သင့်လျော်လျောက်ပတ်သော ဈေးနှုန်းပြောင်းလဲမှုရှိရမည်ဟု ယူဆပါသည်။ လက်ရှိ ငွေကြေးစနစ်အရ သတင်းစာထုတ်လုပ်ကုန်ကျစရိတ် များလာ သည်မှန်သော်လည်း တစ်ဖက်က သတင်းစာကပေးနိုင်သော သတင်းတန်ဖိုးမြင့်မား ပါက သတင်းစာဖတ်ပရိသတ်များအနေဖြင့် တိုးမြင့်လာမည့် ဈေးနှုန်းကိုမမှုဘဲ ဝယ်ယူ ဖတ်ရှုကြမည်ဟု သုံးသပ်မိပါသည်။ အပြန်အလှန်အားဖြင့် သတင်းစာတစ်စောင်၌ သတင်းတန်ဖိုး မြင့်မြင့်မားမား များပြားစွာ ဖော်ပြပေးနိုင်ရေးအတွက် ငွေကြေးပိုမို စိုက်ထုတ်ကုန်ကျလာမည့်အခြေအနေများလည်း ရှိလာမည်ဖြစ်ပါသည်။

သတင်းစာတစ်စောင်တွင် ပါဝင်သမျှ အကြောင်းအရာအားလုံးမှာ သတင်း ချည်းသာ ဖြစ်ပါသည်။ အဖိုးတန်သည့် သတင်းများအတွက် သတင်းစာနှင့် ဂျာနယ် တို့တွင် ငွေပေးဝယ်ယူရသည့် သတင်းများရှိသကဲ့သို့ ငွေလည်းရ၊ သတင်းလည်း ရသည့် သတင်းများလည်းရှိပါသည်။ ထို့အပြင် ငွေလည်းမကုန် သတင်းလည်းရသော အဖိုးတန်သတင်းများလည်းရှိပါသည်။

ငွေပေးရသည့် သတင်းဆိုသည်မှာ တိုက်ပိုင်သတင်းထောက်များ၊ ကော်လံစား သတင်းထောက်များထံမှ ရရှိသော သတင်းဦး၊ သတင်းထူး သတင်းများဖြစ်ပါသည်။ ထိုသတင်းများကို ရရှိရန်အတွက် သတင်းစာတိုက်များမှ ချီးမြှင့်ငွေ ကော်လံခကြေး အစားစားပေးပြီး ရယူကြရသည်ဟု ဆိုပါသည်။ ငွေလည်းရ၊ သတင်းလည်းရသော သတင်းဆိုသည်မှာ ကြော်ငြာဖြစ်လေသည်။ ကြော်ငြာဆိုသည်မှာ သတင်းတစ်မျိုး ပင်ဖြစ်သည်။ မည်သည့်ကုန်ပစ္စည်းများ၊ မည်သည့်ဌာနမှ ထွက်သည်၊ မည်မျှပေးလျှင် မည်မျှရနိုင်သည် တို့မှာ ကုန်ပစ္စည်းအလိုရှိသူများ၊ လုပ်ငန်းကိုင်ငန်း၊ အမှုကိစ္စများရှိသူ များအတွက် ဆိုင်ရာဆိုင်ရာသတင်းများပင် ဖြစ်သည်။

မည်သည့်အမှု၊ မည်သည့်ကိစ္စအတွက် ကြော်ငြာမောင်းခတ်သည့် ကောင်း သတင်း၊ မကောင်းသတင်းများလည်း တွေ့ရသည်။ ယုတ်စွအဆုံး နာရေးကြော်ငြာ သည်ပင် ဩကာသလောကသားတို့၏ အနိစ္စသဘောကို နေ့စဉ်သံဝေဂယူဖွယ် ဖော်ပြနေသကဲ့သို့ဖြစ်သည်။ ဤကြော်ငြာသတင်းသည် ဂျာနယ်များထက် ပိုမိုထူးသော သတင်းစာတို့၏ အားသာချက်ပင် ဖြစ်သည်။ အယ်ဒီတာထံပေးစာကဲ့သို့ မည်သည့်မြို့၊ မည်သည့်ရပ်ကွက်၊ မည်သည့်နေရာတွင် မည်သို့ဖြစ်နေသည်၊ မည်သို့ ပြုပြင်ဖို့လိုနေ သည် စသည့်သတင်းများမှာမူ သတင်းစာတိုက်အတွက် ငွေမပေးရ၊ ငွေလည်း မရသော သတင်းများသာ ဖြစ်လေသည်။

ခြုံငုံသုံးသပ်တင်ပြရလျှင် သတင်းစာတစ်စောင်၏ အသက်သည် တစ်မနက်စာသာဖြစ်သော်လည်း ထိုသတင်းစာတစ်စောင်၏တန်ဖိုးဖြစ်သည့် ထုတ်လုပ်မှုကုန်ကျစရိတ် အရင်းအနှီးပမာဏမှာ များပြားလှသည်ကို နားလည်လက်ခံ ထားပြီးဖြစ်ပါသည်။ **ပြည်ပနိုင်ငံမှ ကုန်ကြမ်းပစ္စည်းများကို အားပြုရသည့် သတင်းစာလုပ်ငန်းတွင် ဈေးကွက်စီးပွားရေးစနစ်အရ မြင့်မားလာသော ငွေကြေး တန်ဖိုးနှင့်အညီ ထုတ်လုပ်မှုစရိတ်လည်း မြင့်တက်လာမည်မှာ အမှန်ဖြစ်ပါသည်။ ထိုမြင့်မားမှုနှင့်အတူ သတင်းစာတစ်စောင်၏ တန်ဖိုးဖြစ်သည့် သတင်းတန်ဖိုး ကိုလည်း မြှင့်တင်လာမည်ဟု ယုံကြည်ပါသည်။ သတင်းစာဖတ်ပြည်သူ လက်ခံနှစ်သက်စေမည့် တန်ဖိုးရှိ သတင်းဦး၊ သတင်းထူးနှင့် ဖတ်ဖွယ်၊ ဖတ်ရာများ ထည့်သွင်းဖော်ပြနိုင်ရန် အတွက် သတင်းချီးမြှင့်ငွေများကိုလည်း သတင်းစာတစ်စောင်လုံးအတွက် ဖြည့်ဆည်း ပေးရဦးမည် ဖြစ်ပါသည်။**

**မည်သို့ပင်ဖြစ်စေ သတင်းစာတစ်စောင်၏ သတင်းတန်ဖိုးမြင့်မားလာသည် နှင့်အမျှ သတင်းစာဖတ်ပရိသတ်၏ နှစ်သက်လက်ခံမှုလည်း မြင့်မားလာမည်ဖြစ်ရာ နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပါဝင်သည့် သတင်းတန်ဖိုးမြှင့်တင်ရေးကို နည်းလမ်း မျိုးစုံဖြင့် ကြိုးပမ်းတည်ဆောက်သင့်ပါသည်။ ထိုသို့ တည်ဆောက်ရသည့်အတွက် ကုန်ကျစရိတ် ပိုမိုမြင့်မားလာမှုအတွက်လည်း စာဖတ်ပရိသတ်အပေါ် စိုးရိမ်မှုမရှိဘဲ သင့်လျော်လျောက်ပတ်သည့် ဈေးနှုန်းတစ်ရပ်သို့ ပြောင်းလဲတိုးမြှင့် တောင်းခံသင့်ပါ သည်။** ယနေ့အခါတွင် ကျပ် ၅၀ ဆိုသည်မှာ လက်ဖက်ရည်တစ်ခွက်တန်ဖိုး၏ ငါးပုံ တစ်ပုံ၊ ခြောက်ပုံတစ်ပုံ တန်ဖိုးသာဖြစ်ပါသည်။ လက်ဖက်ရည်တစ်ခွက် မသောက်လျှင် သတင်းစာ ငါးစောင်၊ ခြောက်စောင်ရနိုင်သည့် အလွန်နည်းပါးလှသော တန်ဖိုး ပမာဏ ဖြစ်နေသည်မှာ အမှန်စင်စစ် ခေတ်စနစ်နှင့် မကိုက်ညီတော့သလို သင့်လည်း မသင့်လျော်တော့ပါ။

မိမိတို့ သတင်းစာဖတ်ပြည်သူများအနေဖြင့် သတင်းစာတစ်စောင်၏ အဖိုးအခ ထက် သတင်းစာတစ်စောင်တွင် တန်ဖိုးရှိသော သတင်းများပါရှိရေးကိုသာ မျှော်လင့်ပါသည်။ ပြောင်းလဲလာသော မီဒီယာခေတ်တွင် နိုင်ငံပိုင်သတင်းစာများ အနေဖြင့် ခန့်ခန့်ထည်ထည် ဣန္ဒြေရရ ပြည်သူအကြိုက် သတင်းစာကြီးများအဖြစ် ဆက်လက်ရပ်တည်ကာ စတုတ္ထမဏ္ဍိုင်ကို ပီပြင်စွာ ဆက်လက်ဖော်ဆောင်ပေးနိုင်ကြ စေရန်အတွက် နှစ်ပေါင်း ၃၀ ကျော် စွဲမြဲစွာ ဖတ်ရှုအားပေးလာသည့် သတင်းစာဖတ် ပရိသတ်များကိုယ်စား ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ပရိတ်တရားတော်
၈:၂၀ ၂။ “အံ့ဖွယ်အစုံအလင်နဲ့ သာသနာ့ သမိုင်းဝင်တဲ့ ဖိုလ်ဝင်တောင်”

**ညပိုင်း**

၄:၃၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၅ ၂။ သီချင်းကြီးပဒေသာ
၅:၁၀ ၃။ International Science News
၅:၂၀ ၄။ “စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး”
၅:၅၀ ၅။ “အလင်းတံခါးဖွင့်လှစ် လွှမ်းခြုံနေမှာ ရေအားလျှပ်စစ်စက်ရုံရဲ့ရွှာ”
၆:၃၅ ၆။ ရွှေရင်ခုန်သံ
၇:၀၅ ၇။ “လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်”
၇:၄၀ ၈။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်(အပိုင်း-၇)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ ပျော်ရွှင်ရင်ခုန် ပြကွက်စုံ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၅၃)
၁၂။ တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်”

# သမဝါယမမှ သက်သာသောအတိုးနှုန်းဖြင့် ငွေကြေးစိုက်ထုတ်၍ ကြက်ခြံများဆောက်ပေးပြီး မွေး/ရေမှ မျိုးကောင်းမျိုးသန့် ကြက်၊ ဘဲ၊ ဝက်များ အကြွေးရောင်းချပေးရန် စီမံလျက်ရှိ

နေပြည်တော် မေ ၈

**မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(၂)ရပ်၏ ဧပြီလ တစ်လအတွင်း ပူးပေါင်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်၍ ကျန်ကာလများအတွက် နိုင်ငံအနှံ့အပြား တစ်ပြိုင်တည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ တိုးတက်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ယနေ့နံနက် ၁၁ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသည့် အဆိုပါ အထောက်အကူပြုကော်မတီ(၂)ရပ် အစည်းအဝေး (၄/၂၀၁၂)တွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးအထောက်အကူပြု ကော်မတီအနေဖြင့် သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး ခွင့်ပြုပြီးဖြစ်သည့်အတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စနစ်တကျဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအနေဖြင့် ဧပြီလအတွင်း မွေးမြူ ကုန်ထုတ်အစုအဖွဲ့ ၄၃ ဖွဲ့ ထပ်မံဖွဲ့စည်းနိုင်ခဲ့သဖြင့် စုစုပေါင်းအစုအဖွဲ့ ၃၇၂ ဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ အစာစရိတ်အထောက်အကူဖြစ်စေရန် ချေးငွေကျပ်သန်း ၂၅၂ ဒသမ ၉၀ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း၊ ဝက်သားပေါက် ၂၃၈၄ ကောင်၊ အသားတိုးဘဲ ၂၀၅၇၈ ကောင်နှင့် အသားတိုးကြက် ၁၉၈၈၉ ကောင်တို့ကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုရှိ သမဝါယမအသင်းများနှင့် မွေးမြူရေးအစုအဖွဲ့များတွင် မွေးမြူနိုင်ရေးစတင်ဖြန့်ဖြူးထားရှိပြီးဖြစ်ကြောင်း။

သမဝါယမမှ သက်သာသော အတိုးနှုန်းဖြင့် ငွေကြေးစိုက်ထုတ်၍ ကြက်ခြံများ ဆောက်လုပ်ပေးပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ မျိုးကောင်းမျိုးသန့် ကြက်၊ ဘဲ၊ ဝက်များကို အကြွေးစနစ်ဖြင့် ရောင်းချပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ တစ်ဦးချင်း အသားစားသုံးမှုနှုန်းနှင့် ဥစားသုံးမှု မြင့်မားလာစေရန်အတွက် Contract Farming စနစ်ဖြင့် ကြက်သားထုတ်လုပ်မှုနှင့် ကြက်ဥထုတ်လုပ်မှု ပိုမိုများပြားအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(၂)ရပ် အစည်းအဝေး(၄/၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်ရှိ ငါးမွေးမြူရေးနည်းစနစ်နှင့် ငါးသားပေါက်ဖြန့်ဖြူးရေး ဆောင်ရွက်နေမှုများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာမည့်ကာလများတွင်လည်း မွေးမြူရေးအစုအဖွဲ့များကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် လက်တွေ့ကျကျ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပေါင်းစပ်ဆွေးနွေးရန် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပိုလန်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၈**

ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Radoslaw Sikorski ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီ ၅၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွန့်၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီး H.E.Dr. Jerzy BAYER နှင့် အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာကြသည်။

(သတင်းစဉ်)

ကျန်းမာရေးသုတ

# ကြက်သွန်ဖြူအစွမ်း . . . အံ့မခန်း

မင်းမင်းလတ်(မန်းတက္ကသိုလ်)

*ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများသည် ခန္ဓာကိုယ်အတွက် ခွန်အားကိုဖြစ်စေသည်သာမက ရောဂါဝေဒနာများကို ကုသကာကွယ်နိုင်စွမ်းလည်း ရှိကြသည်။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များထဲမှ ခန္ဓာကိုယ်အတွက် များစွာအကျိုးရှိသော မီးဖိုချောင်သုံးပစ္စည်းတစ်မျိုးမှာ "ကြက်သွန်ဖြူ" ဖြစ်သည်။ ကြက်သွန်ဖြူသည် သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊ ချောင်းဆိုးသွေးပါအဆုတ်တီဘီနာနှင့် ဆုံဆို့နာကို ဖြစ်စေသော ရောဂါပိုးမွှားများကို တားဆီးကာကွယ်နိုင်ခြင်း၊ ရောဂါဖြစ်ပွားစေသော ပိုးမွှားများအား ကာကွယ်နိုင်ခြင်း စသည့် အာနိသင်များရှိသည်ဟုလည်း ဆေးဝါးပညာရှင်များက မိန့်ဆိုခဲ့သည်။*



*ကြက်သွန်ဖြူနှင့် ပတ်သက်၍ "ကြက်သွန်ဖြူသည် အစာကိုကြေစေသည်၊ ဝမ်းမီးကို တောက်စေသည်၊ ဆံပင်ကို နက်စေ၏၊ လေကိုနိုင်၏"ဟု ရှုတော်မူ အဘိဓာန်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။*

*ဓာတုရသဆေးကျမ်းတွင် "ကြက်သွန်ဖြူသည် သွေးနှင့်သင့်၏၊ လေထုတ်ခြင်းကို လည်းကောင်း၊ ဝမ်းပြောင်းခြင်းကို လည်းကောင်း၊ ရောဂါပိုးမွှားများကို လည်းကောင်း သေကျေအောင် ပြုတတ်၏။ အနူရောဂါနှင့် အရေပြားရောဂါကို ဖယ်နိုင်၏။ အသံနက်ခြင်း၊ ချွေးထွက်ခြင်းကို ပြုတတ်၏" ဟု ဖွင့်ဆိုထားသည်။*

*ကြက်သွန်ဖြူတစ်လုံးကို ဓာတ်ခွဲကြည့်လျှင် ရေ ၆၀ ရာခိုင်နှုန်း၊ ကာဗွန်ဟိုက်ဒရိုက်ခေါ် ကစီဓာတ် ၃၀ ရာခိုင်နှုန်း၊ ပရိုတင်းခေါ် အသားဓာတ် ခြောက်ရာခိုင်နှုန်း၊ ဗီတာမင်ဓာတ် ၆၀ မီလီဂရမ်၊ အခြားသတ္တုဓာတ်များ လေးရာခိုင်နှုန်းပါဝင်သည်ဟု သိရသည်။*

*လူတို့၏သွေးထဲတွင် ကိုလက်စထရောခေါ် အဆီဓာတ်တစ်မျိုးရှိစမြဲဖြစ်သည်။ ကိုလက်စထရောဓာတ် လွန်ကဲလျှင် သွေးတိုးရောဂါ၊ သွေးကြောပိတ်ရောဂါ လေဖြတ်ခြင်းနှင့် နှလုံးရောဂါများ ဖြစ်ပေါ်လာတတ်သည်။*

*ကြက်သွန်ဖြူတွင်ပါဝင်သော ဗီတာမင်စီဓာတ်သည် ပိုလျှံနေသော ကိုလက်စထရောများကို ချေဖျက်နိုင်စွမ်းရှိရာ ကြက်သွန်ဖြူကို စားသုံးခြင်းဖြင့် သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းတို့မှ ကာကွယ်နိုင်သည်။*

*ကမ္ဘာကျော် ငြိမ်းချမ်းရေးဗိသုကာတစ်ဦးဖြစ်သော မဟတ္တမဂန္ဒီသည် ၎င်းခံစားနေရသော သွေးတိုးရောဂါအား ကြက်သွန်ဖြူကို နေ့စဉ်စားသုံးရာ လက်တွေ့ပျောက်ကင်းခဲ့သည်ဟု မှတ်သားခဲ့ရဖူးသည်။*

*ကြက်သွန်ဖြူသည် လေထိုးလေအောင့်ရောဂါ၊ အစာအိမ်ရောဂါ၊ ကလေး လေဆန်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ချောင်းဆိုးရောဂါ၊ တီဘီအဆုတ်နာရောဂါ၊ အရေပြားရောဂါ၊ အအေးမိတုပ်ကွေးနှင့် နားပြည်ယိုခြင်းများအား ပျောက်ကင်းစေသည်။*

*မီးဖိုချောင်သုံးပစ္စည်းတစ်မျိုးဖြစ်သော အနီကြက်သွန်ဖြူသည် အမှန်အစွမ်းထက်မြက်သော ဆေးဝါးတစ်မျိုးဖြစ်ခြင်းကြောင့် ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးခြင်းဖြင့် စရိတ်ကုန်ကျမှုသက်သာစွာဖြင့် ဖော်ပြပါ ရောဂါဝေဒနာများအား ကြိုတင်ကာကွယ်ထားနိုင်ပါကြောင်း အစွမ်းထက်မီးဖိုချောင်သုံး ပစ္စည်းတစ်မျိုးအကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။*

# ဘောလုံးကန်ခြင်း၊ တင်းနစ်ကစားခြင်းဖြင့် အရိုးပွရောဂါဖြစ်ပွားမှု ကာကွယ်နိုင်

အသက် (၂၀)နှင့် အစောပိုင်းအရွယ်ရှိ ဘောလုံးကစားသူ အမျိုးသားများသည် ၎င်းတို့ကိုယ်ကို အရိုးကြွပ်ဆတ်သည့် ရောဂါဖြစ်ပွားမှုမှ ကာကွယ်နေကြခြင်းဖြစ်သည်ဟု လေ့လာချက်တစ်ရပ်အရ သိရသည်။

ဘောလုံးကန်ခြင်း သို့မဟုတ် တင်းနစ်ရိုက်ခြင်းကဲ့သို့ ဘော်လီဘောကစားခြင်း၊ ဘတ်စကက်ဘော သို့မဟုတ် အခြားအားစိုက်ရသော အားကစားများကို သီတင်းပတ်တစ်ပတ်လျှင် လေးနာရီကြာ သို့မဟုတ် ထို့ထက်ပိုကစားခြင်းဖြင့် အရိုးထုပိုတိုးလာပြီး အရိုးပွရောဂါကာကွယ်ရန် ကူညီနိုင်သည်ဟု ဆိုသည်။

အသက် (၁၉) နှစ်မှ (၂၄) နှစ်အရွယ်ရှိ အားစိုက်ရသော ကိုယ်လက်လှုပ်ရှားမှုလုပ်သူ အမျိုးသားများသည် အလားတူ အသက်အရွယ် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း မလုပ်သည့် အထိုင်များသူများထက် အရိုးဖွံ့ဖြိုးမှုသာမက အရိုးများလည်း ပိုကြီးထွားမှုရှိသည်ဟု ဆွီဒင်ရှိ ရိုသန်ဘာ့ချ်တက္ကသိုလ်မှ အဆိုပါ လေ့လာတွေ့ရှိချက် ဦးဆောင်ရေးသားသူ ဒေါက်တာမတ်တီယက်စ် လိုရန်ဇွန်က ပြောသည်။

ထုထည်ပိုရှိပြီး ပိုကြီးမားသည့် အရိုးများသည် အမျိုးသားများနှင့် အမျိုးသမီးများ တူညီစွာခံစားရသည့် ရောဂါတစ်မျိုးဖြစ်သော အရိုးပွရောဂါကို ဆန့်ကျင်ကာကွယ်နိုင်သည်ဟု ယူဆရသည်။ အရိုးပွရောဂါဆိုသည် အရိုးများတွင် အပေါက်ကလေးများဖြစ်လာပြီး အသက်ကြီးလာသည့်အခါ ခံနိုင်ရည်အားနည်းလာပြီး အသက် (၅၀) သို့မဟုတ် (၅၀) အထက်တွင် စတင်ကျိုးအက်လာသည်။



အရိုးပွရောဂါသည် အမှန်တကယ်အားဖြင့် အရိုးတစ်သျှူးများ စတင်ဆုံးရှုံးခြင်းသည် အသက်(၂၅) နှစ်အရွယ်တွင် စတင်သည်ဟု ဒေါက်တာလိုရန်ဇွန်က ဆိုသည်။ အဆိုပါ လေ့လာချက်က လူငယ်များအရေးပါသည့် ဆင်ခြင်မှတ်သားဖွယ် အချက်တစ်ခုကို ပေးထားသည်။ ယင်းမှာ ကိုယ်လက်လှုပ်ရှားမှုပိုလုပ်လေ အရိုးတည်ဆောက်မှု ပိုရှိလေဖြစ်သည်ဟုဆိုသည်။

ခုန်လွှားခြင်း သို့မဟုတ် မြန်မြန်စတင်ပြီး မြန်မြန်ရပ်တန့်ရသည့် အားကစားများအပါအဝင် ခန္ဓာကိုယ်၏ အရိုးများအပေါ် ဝန်အားတင်မှုတိုးသည့် အားကစားများသည် အမျိုးသားများတွင် ရောဂါခုခံကာကွယ်မှုတိုးမြှင့်ပေးခြင်းနှင့် အများဆုံးဆက်နွှယ်နေသည်ဟု ယူဆရသည်။

ရေကူးခြင်း၊ စက်ဘီးစီးခြင်းတို့ကဲ့သို့သော အရိုးများအပေါ် ဝန်တိုးလာခြင်းမရှိသည့် အားကစားများသည် အခြားကျန်းမာရေးအကျိုးကျေးဇူးများရှိသော်လည်း အရိုးထုပိုကြီးခြင်း သို့မဟုတ် ပိုကြီးမားသော အရိုးတည်ဆောက်မှုနှင့် ဆက်နွှယ်မှုမရှိဟု ယူဆရသည်။

ဘောလုံးကန်ခြင်းနှင့် တင်းနစ်ရိုက်ကစားခြင်းတို့ပြီးလျှင် ဘတ်စကက်ဘောကစားခြင်းနှင့် ဘော်လီဘောကစားခြင်းတို့သည် အရိုးထုတည်ဆောက်မှုအတွက် အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုများဖြစ်သည်ဟု ယူဆရသည်။

အရိုးပွရောဂါကို ကမ္ဘာတစ်ဝန်း၌ လူသန်း ၂၀၀ ကျော် ခံစားနေရသော်လည်း ၎င်းတို့၌ အန္တရာယ်ရှိနေခြင်းကို လူအတော်များများက သတိမထားမိကြသေးပေ။ အဆိုပါရောဂါသည် ရောဂါလက္ခဏာမပြဘဲ အရိုးများဆုံးရှုံးမှုဖြစ်ပေါ်ခြင်းကြောင့် တိတ်ဆိတ်သော ကူးစက်ရောဂါဟု ခေါ်တွင်ခဲ့ပြီး အရိုးကွဲအက်လာပြီးနောက်မှသာ ရောဂါအမျိုးအမည် ဖော်ပြနိုင်လေ့ရှိသည်။ အဆိုပါရောဂါသည် အမျိုးသမီးများတွင် အတွေ့ရပိုများပြီး အမျိုးသားများတွင်လည်း ဖြစ်ပွားသည်။ များသောအားဖြင့် အသက် (၆၅) နှစ်နှင့် အထက်တွင် အတွေ့ရများသည်။

**သက်ထွေး**

| အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၇) အနိုင်/အရှုံးရလဒ် | | | | |
|---|---|---|---|---|
| ၈ - ၅ - ၂၀၁၂ | | | | |
| ဘလက်ဘန်း | ၀ | - | ၁ | ဝီဂန် |
| | | | | **အယ်ကာရက်ဇ်(၈၇ မိနစ်)** |

# TARUNG DERAJAT အားကစားနည်း ဒိုင်နှင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၈**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် TARUNG DERAJAT အားကစားနည်း ဒိုင်နှင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် အားကစားလေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက TARUNG DERAJAT အားကစားနည်းကို မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် ပြန့်ပွားစေ၍ ကိုယ်ခံပညာတစ်ရပ်အဖြစ် လေ့ကျင့်လိုက်စား ကစားလာကြစေရန် ရည်ရွယ်ကြောင်း၊ ထို့အပြင် သင်တန်းသားများအနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများအထိ တာဝန်ယူဆောင်ရွက်နိုင်သည့် ဒိုင်/နည်းပြများဖြစ်ပေါ်လာစေရေးအတွက် အစပျိုးသင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သင်တန်းနည်းပြချုပ်နှင့် ဒိုင်ချုပ် MR. BADAI က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၁၆ ဦးတို့နှင့် အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

TARUNG DERAJAT အားကစားနည်းသည် ကရာတေးဒိုနှင့် လက်ဝှေ့ အားကစားနည်းများ ပေါင်းစပ်ထားသော အင်ဒိုနီးရှားကိုယ်ခံပညာတစ်ခုဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ TARUNG DERAJAT အဖွဲ့ချုပ်ကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ဖွင့်လှစ်ထားရှိကာ ထိုင်း၊ မလေးရှား၊ တီမော၊ လာအို၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မြန်မာ အစရှိသည့် အဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံ ပါဝင်ဖွဲ့စည်းထားရှိ၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် သတ်မှတ်လျာထားသော အားကစားနည်းတစ်ခုဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)





**အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း TARUNG DERAJAT အားကစားနည်း ဒိုင်နှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ဂေါက်ကွင်းထိန်းသိမ်းရေးနည်းပညာ သရုပ်ပြပွဲနှင့် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဂေါက်ကွင်းထိန်းသိမ်းကြီးကြပ်သူများအဖွဲ့တို့ ပူးပေါင်းကျင်းပပြီး Forest Park Group က အဓိကကူညီပံ့ပိုးသည့် ဂေါက်ကွင်းထိန်းသိမ်းရေး နည်းပညာသရုပ်ပြပွဲနှင့် ဆွေးနွေးပွဲကို မေ ၅ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က မြန်မာနိုင်ငံရှိ ဂေါက်ကွင်းများ အဆင့်မြင့်မားရေးအတွက် ဂေါက်ကွင်းထိန်းသိမ်းရေး နည်းပညာသရုပ်ပြပွဲနှင့် ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သရုပ်ပြပွဲနှင့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတကာမှ ဂေါက်ကွင်းကျွမ်းကျင် ပညာရှင်များဖြစ်ကြသည့် Mr.John Neylan, Mr.Phil Ryan, **(အပေါ်ပုံ)**, Mr.Peter Sawyer နှင့် Mr.Gavan Wilson တို့က အသေးစိတ် သရုပ်ပြဆွေးနွေးတင်ပြကြကာ တက်ရောက်လာကြသူများက သိရှိလိုသည့် အချက်အလက်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဂေါက်ကွင်းထိန်းသိမ်းရေးနည်းပညာသရုပ်ပြပွဲနှင့် ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် LINKS Golf Services, Pacific Coast Design နှင့် Han Golf Masters Pte.,Ltd တို့က Co-Sponsors များအဖြစ် ထပ်မံ၍ကူညီပံ့ပိုးကြောင်း သိရသည်။

(ကြေးမုံ)

*နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ* *နိုင်လင်းကြည်*

# အာဆင်နယ်နောက်တန်းကစားသမား ဘာကာရီဆက်ဂ်နာ ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲရတော့မည်

**လန်ဒန် မေ ၈**

အာဆင်နယ် နောက်တန်းကစားသမား ဘာကာရီဆက်ဂ်နာသည် ပြီးခဲ့သည့် စနေနေ့က နော့ဝှစ်ချ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် နော့ဝှစ်ချ် ကွင်းလယ်ကစားသမား ဘရတ်လေဂျွန်ဆင်က ဘာကာရီဆက်ဂ်နာ၏ ခြေထောက်အား ရိုက်ချိုးသလိုဖြစ်ခဲ့ခြင်းကြောင့် ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲရတော့မည်ဖြစ်သည်။

ဘာကာရီဆက်ဂ်နာသည် ပြီးခဲ့သည့် အောက်တိုဘာလက စပါးအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင်လည်း ညာဘက်ခြေထောက်ဒဏ်ရာရရှိထားသည့် ဒဏ်ရာအခံရှိထားခြင်းကြောင့် သုံးလခန့်အနားယူရမည်ဖြစ်သည်။

ယူရို ၂၀၁၂ ပြိုင်ပွဲ၏ အုပ်စု(D) တွင် ကျရောက်ခဲ့သော ပြင်သစ်အသင်းသည် အုပ်စုပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် ဇွန် ၁၁ ရက်တွင် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်သစ်နိုင်ငံအသင်း၏ နောက်ခံ အလယ်လူအဖြစ် အားထားရသော ဘာကာရီဆက်ဂ်နာ၏ ခြေထောက်ဒဏ်ရာမှာ သုံးလခန့် ကုသရမည်ဖြစ်၍ ပြင်သစ်အသင်း၏ ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲရတော့မည်မှာ သေချာနေပြီဖြစ်သည်။



နော့ဝှစ်ချ် ကွင်းလယ်ကစားသမား ဘရတ်လေဂျွန်ဆင်က မိမိအား ရည်ရွယ်ချက်သက်သက်ဖြင့် ခြေထောက်ကို နင်းခဲ့ခြင်းဖြစ်ကြောင်း ဘာကာရီဆက်ဂ်နာက ပြစ်တင်ပြောဆိုခဲ့သည်။

သို့သော် နော့ဝှစ်ချ်နည်းပြ ပေါလ်လမ်းဘ့တ်ကမူ ဘရတ်လေဂျွန်ဆင်က ဘာကာရီဆက်ဂ်နာ၏ ခြေထောက်ကို မလိုတမာစိတ်ဖြင့် အပြေးထားကာ နင်းခဲ့ခြင်းမဟုတ်ကြောင်း အကာအကွယ်ပေး၍ ပြန်လည်ပြောကြားခဲ့သည်။

***အင်တာနက်။***

# ဘောလုံးလောက သတင်းတိုများ

☞ ပြင်သစ်ကလပ်လိုင်လီနှင့် ဘယ်လ်ဂျီယံတောင်ပံနှင့် ကွင်းလယ်ကစားသမား အေဒင်ဟားဇက်သည် မန်ချက်စတာနှစ်သင်းစလုံးက ခေါ်ယူရန် ကြိုးစားခဲ့သူဖြစ်သည်။ သို့သော် မန်စီးတီးရော မန်ယူအသင်းပါ ၎င်းနှင့် သင့်တော်သည်ဟု ထင်ခဲ့သော်လည်း မန်စီးတီးအသင်းနှင့်သာ ဆွေးနွေးမှုပြုလုပ်ခဲ့သည်ဟု ဆိုသည်။

☞ ပရီမီယာလိဂ်တွင် အဆင့်(၁၅)၌သာ မြဲနေသည့် ဝီဂန်အသင်းမှ နည်းပြ ရောဘတ်တိုမာတီနက်ဇ်သည် ယခုနှစ် ဘောလုံးရာသီကုန်ပါက အသင်းမှ ပြောင်းရွှေ့မည်ဖြစ်ခြင်းကြောင့် နည်းပြမာတီနက်ဇ်အား ဆုံးရှုံးရဖွယ်ရှိကြောင်း ဝီဂန်အသင်းဥက္ကဋ္ဌ ဒေ့ဗ်ဝီလန်က ပြောကြားခဲ့သည်။

☞ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဒီယေဂိုသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူရန် စာရင်း၌ အီတလီစီးရီးအေကလပ် ပါလာမိုအသင်းမှ ကွင်းလယ်ကစားသမား ဖရန်ကိုဗက်ဇ်ကေးဇ်ပါဝင်ကြောင်း ဒီယေဂိုက ဆိုသည်။

☞ စပါးအသင်းမှ လူကာမိုဒရစ်နှင့် ဂါရက်ဘေးလ်တို့သည် စပါးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရရှိခဲ့ပါက အသင်းမှ ထွက်ခွာမည်ဖြစ်ရာ အဆိုပါ ကစားသမားနှစ်ဦးကို ဆုံးရှုံးရမည်ဖြစ်၍ စပါးနည်းပြ ရက်နက်ဇ်က ဒေါသဖြစ်မိကြောင်း ဆိုသည်။

☞ မန်ယူနှင့်ပြင်သစ်ကစားသမား ပေါ့ဘာသည် ၎င်း၏ အနာဂတ်ကို မန်ယူ၏ အိုးထရက်ဖို့ဒ်၌သာ အဆုံးသတ်မည်ဟု လွန်ခဲ့သည့် တစ်လက ဆုံးဖြတ်ခဲ့သော်လည်း ဂျူဗင်တပ်အသင်း၏ လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုရေးကမ်းလှမ်းမှုကို လက်ခံလိုက်ပြီဖြစ်သည်။

☞ ဘရာဇီးအစိုးရသည် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ကြည့်ရှုသူပရိသတ်များပြားရေးအတွက် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ငံ၏ ဆင်းရဲသားပြည်သူများအား လက်မှတ်များ အခမဲ့ပေးသွားမည်ဟု ဆိုသည်။

☞ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် ယာယီနည်းပြ ဒီမတ်တီယိုအား အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန် ရည်ရွယ်ခဲ့သော်လည်း ဘာစီလိုနာနည်းပြဟောင်း ဂွါဒီယိုလာကို တစ်နှစ်လုပ်ခ ပေါင် ၁၂သန်းဖြင့် ကမ်းလှမ်းခဲ့သည်။ သို့သော် ဂွါဒီယိုလာက ချယ်လ်ဆီး၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့သည်ဟု ဆိုသည်။

## နိုင်ငံတကာ အနုပညာရပ်ဝန်း

# ပရိသတ်အားပေးမှုအများဆုံးဆု ရရှိသွားသည့် Big Bang

တောင်ကိုရီးယား ထိပ်တန်းတေးဂီတအဖွဲ့ Big Bang သည် MTV TRL ဆုပေးပွဲသမိုင်းတစ်လျှောက်တွင် ပရိသတ်အားပေးမှုအများဆုံးဆု ရရှိသွားသည့် ပထမဆုံး အာရှဂီတအနုပညာရှင်များဖြစ်လာကြောင်း သတင်းများတွင်ဖော်ပြသည်။

မေ ၅ ရက်က အီတလီနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၂ ခုနှစ် MTV TRL ဆုပေးပွဲတွင် Big Bang ဂီတအဖွဲ့က ပရိသတ်အားပေးမှု အများဆုံးဆုရရှိခဲ့ကြောင်း အဆိုပါတေးဂီတအဖွဲ့၏အေဂျင်စီ YG က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါဆုကို ကမ္ဘာတစ်ဝန်းရှိ ပရိသတ်များက အွန်လိုင်းမှ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားပေ့ါပ်တေးဂီတအဖွဲ့က ကနေဒါ စူပါစတား အက်ဗရေးလ်လာဂ်ဗင်းနှင့် One Direction ဂီတအဖွဲ့တို့ကို ကျော်ဖြတ်ရရှိခဲ့ခြင်း ဖြစ်သည်။

MTV TRL ဂီတဆုပေးပွဲတွင် ပရိသတ်အားပေးမှုအများဆုံး ရရှိခဲ့သည့်အတွက် ဂုဏ်ယူကျေနပ်ကြောင်းနှင့် ၎င်းတို့အဖွဲ့အား မဲပေးရွေးချယ်ခဲ့သည့် ကမ္ဘာတစ်ဝန်းမှ ပရိသတ်များကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း Big Bang တေးဂီတအဖွဲ့ဝင်များက ထုတ်ဖော်ပြောကြားသည်။

Big Bang တေးဂီတအဖွဲ့သည် ၎င်းတို့၏ ပဉ္စမမြောက်တေးအယ်လ်ဘမ် ALIVE အရောင်းမြှင့်တင်ရေးပြုလုပ်ပြီးနောက် ယခုအခါ မေ ၁၇ ရက်မှ ဇွန် ၂၄ ရက်အထိ ဂျပန်နိုင်ငံမြို့ကြီး ငါးမြို့တွင် လှည့်လည်ဖျော်ဖြေသွားရန် စီစဉ်လျက်ရှိသည်။

***အင်တာနက်။***



**ပရိသတ်အားပေးမှုအများဆုံးဆု ရရှိသွားသည့် ကိုရီးယားပေ့ါပ်တေးဂီတအဖွဲ့သားများ။**

**အေဝမ်းစိုး**

# လက်ရှိအေဂျင်စီနှင့် ဆက်လက်ပူးပေါင်းသွားမည့် ချွဲကန်ဟီး

ကိုရီးယားမင်းသမီး၊ ရေဒီယိုဒီဂျေ ချွဲကန်ဟီးက လက်ရှိ ပူးတွဲလုပ်ကိုင်လျက်ရှိသော အနုပညာရေးရာအေဂျင်စီ KEYEAST နှင့်ပင် ဆက်လက် လက်တွဲသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

KEYEAST အနုပညာရေးရာ အေဂျင်စီက ၂၀၀၇ ခုနှစ်ကတည်းက မိမိတို့နှင့် လက်တွဲလာသည့် ချွဲကန်ဟီးသည် ကာလကြာရှည် အပြန်အလှန် နားလည်ယုံကြည်မှုများအပေါ် အခြေခံပြီး မိမိတို့အေဂျင်စီနှင့်ပင် ဆက်လက် လက်တွဲသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန် ကြေညာသည်။

အဆိုပါ အနုပညာရေးရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလအတွင်းမှာ ကန်ဟီး၏ အောင်မြင်မှုရလဒ်များအပေါ် မိမိတို့ကျေနပ်အားရခဲ့ကြောင်းနှင့် ကန်ဟီး၏ အနာဂတ် အနုပညာလှုပ်ရှားမှုများကိုလည်း အကောင်းဆုံးပံ့ပိုးပေးရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားသည်။

ချွဲကန်ဟီးသည် ၁၉၉၅ ခုနှစ်ကတည်းက အနုပညာလောကသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၎င်း၏ လူသိများထင်ရှားသည့် ရုပ်သံဇာတ်လမ်းတွဲများမှာ ၂၀၀၄ ခုနှစ်က Sweet Buns၊ ၂၀၀၅ ခုနှစ်က Rules of Love နှင့် လွန်ခဲ့သည့်နှစ်က Protech the Boss တို့ဖြစ်ပြီး နာမည်ကျော် လူကြိုက်များခဲ့သည့် ရုပ်ရှင်ကားများမှာ Whispering Corridors၊ My Scary Girl နှင့် Petty Romance ဇာတ်ကားတို့ ဖြစ်သည်။

***အင်တာနက်။***

# နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခင်ခင်ဝင်းအား Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်ခင်ဝင်းအား Global Women's Affairs ဆိုင်ရာ Ambassador Melanne Verveer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)



တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်လင်းလင်းတင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး၊ အမျိုးသမီးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ လူကုန်ကူးမှု မှုခင်းများတိုက်ဖျက်ရေး၊ ပပျောက်ရေးတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ☆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသည့် မွန်ပြည်နယ်ကြက်ခြေနီအသင်းမှ တပ်ခွဲမှူး ဦးရွှေစင်အား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတကာကြက်ခြေနီလှုပ်ရှားမှုများတွင် ပါဝင်နေ

## ပူးပေါင်းဆောင်ရွက်မှုများပြုရာတွင် နိုင်ငံတော်၏မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်

နေပြည်တော် မေ ၈

**၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ ဩစတြေးလျကြက်ခြေနီအသင်း(ARC)၊ ပြင်သစ်ကြက်ခြေနီအသင်း(FRC)နှင့် ဒိန်းမတ်ကြက်ခြေနီအသင်း (DRC) တို့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထူးချွန်ကြက်ခြေနီမောင်မယ်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အရည်အသွေးပြည့်ဝသည့် လူမှုကရုဏာဝန်ဆောင်မှုများကို စွမ်းဆောင်ပေးလျက်ရှိသော ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ကြက်ခြေနီလှုပ်ရှားမှုကြီး ရေရှည်တွင် ယခုကဲ့သို့တူညီသည့် သို့မဟုတ် ပိုမိုစွမ်းဆောင်ရည်ပြည့်ဝသည့် လူမှုကရုဏာဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် လူငယ်လူရွယ်များအား လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတကာကြက်ခြေနီလှုပ်ရှားမှုများတွင် ပါဝင်နေသည့်အတွက် ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်းများ၊ အမျိုးသားကြက်ခြေနီအသင်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကို မလွဲမသွေ လုပ်ကြရမည်ဖြစ်ကြောင်း၊ ဤသို့ပူးပေါင်းဆောင်ရွက်မှုများပြုရာတွင် **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❑


ယနေ့ သတင်းအညွှန်း

**ဆော်လမွန်ကျွန်းသားများ ရွှေရောင်ဆံပင်များ ပိုင်ဆိုင်နေခြင်း၏ မျိုးဗီဇအကြောင်းတရား သိပ္ပံပညာရှင်များ လေ့လာဖော်ထုတ်**

**နိုင်ငံတကာသတင်း စာမျက်နှာ - ၆**

**ဘောလုံးကန်ခြင်း၊ တင်းနစ်ကစားခြင်းဖြင့် အရိုးပွရောဂါဖြစ်ပွားမှု ကာကွယ်နိုင်**

**ကျန်းမာရေးသတင်း စာမျက်နှာ - ၇**

**အာဆင်နယ်နောက်တန်းကစားသမား ဘာကာရီ ဆက်ဂ်နာ ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲရတော့မည်**

**အားကစားသတင်း စာမျက်နှာ - ၁၀**

**ပရိသတ်အားပေးမှုအများဆုံးဆု ရရှိသွားသည့် Big Bang**

**အနုပညာသတင်း စာမျက်နှာ - ၁၀**


အင်တာနက် ကျန်းမာရေးသတင်း

ဘာသာပြန် - ဇင်ထူး

# နနွင်းတွင်ပါဝင်သည့် ဓာတုပစ္စည်းတစ်မျိုးက အူကင်ဆာအကျိတ်များကို ဖယ်ရှားပေးနိုင်သည်ဟုဆို



မီးဖိုချောင်သုံးဟင်းခတ်အမည် တစ်မျိုးဖြစ်သည့် နနွင်းတွင်ပါဝင်သော ဓာတုပစ္စည်းတစ်ခုက အူကင်ဆာအကျိတ်များကို ရှင်းလင်းဖယ်ရှားနိုင်စွမ်းရှိခြင်းနှင့် စပ်လျဉ်း၍ စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း အင်္ဂလန်နိုင်ငံထုတ်သတင်းများ၌ ဖော်ပြထားကြသည်။

နနွင်းတွင် ပါဝင်သည့် အဝါရောင်ခြယ်ဓာတ်ပစ္စည်းဖြစ်သော Curcumin သည် လူတို့၏ ကျန်းမာရေးနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ အကျိုးပြုနေကြောင်း ရှာဖွေတွေ့ရှိထားကြပြီးလည်းဖြစ်သည်။

ကင်ဆာဆဲလ်များကြီးထွားမှုကို Curcumin က နှိမ်နင်းနိုင်စွမ်းရှိကြောင်း ဓာတ်ခွဲခန်းစမ်းသပ်မှုများ၌ တွေ့ရှိထားကြပြီး လေဖြတ်ရောဂါနှင့် အချို့စိတ်ဝေဒနာများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိကြောင်း အရိပ်အမြွက်ဖော်ပြထားသည်။

ယခုအခါ လိုင်ဆက်စတာရှိ ဆေးရုံများတွင် ဓာတုဆေးဝါးကုထုံးများနှင့် Curcumin တို့ဖြင့် **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❖



**နနွင်းအပင်(ဝဲပုံ)နှင့် လူတို့၏ ကျန်းမာရေးအတွက် အမျိုးမျိုးအဖုံဖုံ အကျိုးအာနိသင်ရှိသည့် နနွင်းမှုန့်**(အပေါ်ပုံ)။